# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၃) ရက် ၊ သောကြာနေ့ ၊ (17-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၉၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုအထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အမှာစကားပြောကြားစဉ်။

# (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုအထိမ်းအမှတ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

(၇၅)နှစ်မြောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၂၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်

အယ်ဒီတာ့အာဘော်

## (၅၁)ကြိမ်မြောက် ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို ကြိုဆိုဂုဏ်ပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂) ရပ်တွင် လူမှုရေးဦးတည်ချက်များ၌ ပါဝင်သော နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေးကို ဖော်ဆောင်လျက်ရှိသည်။

ထိုသို့ဖော်ဆောင်လျက်ရှိရာတွင် “(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ”ကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်ထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၅) ဗိုဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပမည်ဖြစ်သည်ကို သိရှိရသည်။ ၎င်းသည် ဆေးဘက်ဆိုင်ရာ ကျန်းမာရေးဖြစ်စဉ်များကို အမှုမဲ့အမှတ်မဲ့မနေဘဲ ပညာရပ်ဆိုင်ရာရှုထောင့်မှ စောင့်ကြည့်လေ့လာ၍ လူ့အဖွဲ့အစည်းအကျိုးကိုဆောင်နိုင်ရန် ကြိုးပမ်းခြင်းပင်ဖြစ်ရာ ဝမ်းမြောက်စွာကြိုဆိုအပ်ပေသည်။

သုတေသနညီလာခံများ အစဉ်အလာမပျက် ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့် ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန် စသည့်ရည်ရွယ်ချက်များချမှတ်ကာ ကျင်းပခြင်းဖြစ်ရာ အနှစ်သာရပြည့်ဝသည်ဟုလည်း ဆိုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆေးသုတေသနဦးစီးဌာနက နှစ်စဉ်တာဝန်ယူဆောင်ရွက်ရာတွင် လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများဖွဲ့စည်းကာ လုပ်ငန်းတာဝန်များသတ်မှတ်ထားရှိ၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

သုတေသနတွေ့ရှိချက်များနှင့် ရလဒ်ကောင်းများကို စိစစ်အတည်ပြုနိုင်ခြင်းက ကာကွယ်မှု၊ ရောဂါဘယကုသရောက်မှု၊ ကုသမှု၊ ဆေးဝါးအသုံးပြုမှု၊ ထုတ်လုပ်မှုများအထိပါ အဆင့်ဆင့်အကျိုးပြုနိုင်မည်ဖြစ်ရာ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယခုနှစ်တွင် အခြေခံသုတေသနစာတမ်း ၁၈ စောင်၊ အသုံးချသုတေသနစာတမ်း ၃၂ စောင်၊ ကျန်းမာရေးစနစ် သုတေသနစာတမ်း ရှစ်စောင်၊ သုတေသနပိုစတာစာတမ်း ၃၄ စောင်တို့ကို တင်သွင်း၊ ဖတ်ကြား၊ ပြသရန် လက်ခံထားရှိခဲ့သလို တင်သွင်းမည့်စာတမ်းများတွင် **Myancopharm** ကိုဗစ် ကာကွယ်ဆေး၊ ကိုဗစ်-၁၉ ရောဂါ၊ ကင်ဆာရောဂါ၊ တီဘီရောဂါ၊ အသည်းရောဂါ၊ နှလုံးသွေးကြောရောဂါ၊ တိုင်းရင်းဆေး၊ သွားဘက်ဆိုင်ရာ၊ အားကစားဆိုင်ရာ၊ မြွေဆိပ်၊ သွေးလွန်တုပ်ကွေး၊ ဆေးပညာသင်ကြားရေးနှင့် အကဲဖြတ်နည်းဆိုင်ရာ သုတေသနစသည်တို့ ပါဝင်မည်ဖြစ်ရာ ကျန်းမာရေးဆိုင်ရာရလဒ်ကောင်း များစွာဖြစ်ထွန်းစေနိုင်မည်ဟုလည်း ဆိုနိုင်ပေသည်။

သို့ဖြစ်ပေရာ နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာလာစေရန်အတွက် အထောက်အကူဖြစ်စေရုံမျှမက နိုင်ငံ၏ကောင်းမွန်သောပုံရိပ်ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည့် (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ဝမ်းမြောက်စွာ ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။

## မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ ဖေဖော်ဝါရီလ ပထမပတ်မှစ၍ ဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ ထိုသို့ ရှမ်းပြည်နယ်ဘက်မှ အများဆုံးထွက်ရှိသည့် ပြောင်းဖူး(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း ရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

“ပြည်တွင်းဈေးကွက်အတွင်းမှာ အခုလတ်တလော ရှမ်းပြည်နယ်က အသစ်ဝင်လာတဲ့ ပြောင်းဖူး(ရှမ်း)တွေတော့မရှိသေးပါဘူး။ လက်ကျန် ပြောင်းဖူး(ရှမ်း)တွေဝယ်ယူမှု တော်တော်လေးများလာပြီး မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ရနေပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇန်နဝါရီလ နောက်ဆုံးပတ်က ပြောင်းဖူး(ရှမ်း)ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင်ငွေကျပ် ၆၃၅၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ပြောင်းဖူး(ရှမ်း) ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

အလားတူ မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး (CP) ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၊ ပြောင်းဖူး (ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးအမည်ပေါင်း ၇၀၀ ဓာတ်ခွဲစမ်းသပ်ပေးမည်



**မန္တလေး ဖေဖော်ဝါရီ ၁၆**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးအမည်ပေါင်း ၇၀၀ ကို ဓာတ်ခွဲစမ်းသပ်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချမည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးအမည်ပေါင်း ၆၀၀ ကျော်ကို လျှာထားဓာတ်ခွဲစမ်းသပ်ပေးလျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးအမည်ပေါင်း ၇၀၀ ကို ဓာတ်ခွဲစမ်းသပ်ပေးသွားမည်ဖြစ်ကြောင်း၊ ဓာတ်ခွဲစမ်းသပ်ပေးရာတွင် ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်းနှင့် အဏုဇီဝ ဓာတ်ခွဲစမ်းသပ်ခြင်းတို့ဖြင့် ဓာတ်ခွဲစမ်းသပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဌာနမှာရှိတဲ့ ဓာတ်ခွဲခန်းကနေပြီးတော့မှ စားသောက်ကုန်တွေကို ဘေးအန္တရာယ်ကင်းရှင်းစေဖို့အတွက် ဓာတ်ခွဲစစ်ဆေးပေးတာဖြစ်ပါတယ်။ စားသောက်ကုန်၊ လူသုံးကုန်တွေကို လုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ထုတ်ကုန်ပစ္စည်းတွေကို ဌာနမှာလာပြီး မှတ်ပုံတင်မယ်ဆိုရင် လုပ်ငန်းရှင်တွေရဲ့ ထုတ်ကုန်နမူနာတွေကို ဌာနကို ပေးပို့ရပါတယ်။ ပေးပို့တဲ့ နမူနာထုတ်ကုန်တွေကို ဓာတ်ခွဲပညာရှင်တွေက ဓာတ်ခွဲစစ်ဆေးပေးပြီးတော့ ပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ဖို့အတွက် စားသောက်ကုန်တွေမှာ ဓာတုဆိုးဆေးတွေပါဝင်မှု ရှိ၊ မရှိနဲ့ အဏုဇီဝပိုးမွှားတွေ ပေါက်ဖွားမှု ရှိ၊ မရှိကို စစ်ဆေးပေးပါတယ်။ စစ်ဆေးပေးပြီးတော့မှ ဘေးအန္တရာယ်ကင်းရှင်းတယ်။ စားသုံးသူတွေအတွက် အန္တရာယ်မရှိဘူးဆိုရင် လုပ်ငန်းရှင်တွေကို ဓာတ်ခွဲစစ်ဆေးချက်၊ တွေ့ရှိချက်တွေ ပြန်လည်ပေးပို့သွားမှာပါ။ လုပ်ငန်းမှတ်ပုံတင်အတွက်လဲ ထောက်ခံပေးသွားမှာပါ”ဟု ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

(၁၈၅)

## မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေး ဆိုင်ကယ်ဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ် အေးနေခဲ့သော်လည်း ယခုအခါ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်နိုင်ငံထုတ် နောက်ဆုံးမော်ဒယ်ဘီးများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

တစ်ပတ်ရစ်ဆိုင်ကယ်ဈေးကွက်တွင် အော်တိုဂီယာ တရုတ်ဘီးများနှင့် Click၊ FZ ဘီးများ ရောင်းချလိုမှုများနေပြီး ဘီးကြောကောင်းမွန်မှုနှင့် ဈေးနှုန်းအသင့်အတင့်ဘီးများသာ ဝယ်ယူမှုရှိနေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်း ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

မန္တလေးကားဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ်ဖြစ်ခဲ့သည့် မီနီထရပ် (ခွေးဘီလူး) ကားများ ယခုတစ်ပတ်တွင် အရောင်းအဝယ်အေးသွားပြီး နံပါတ်ထွက်ပြီးသည့် ဖရီးပါမစ်ကားများတွင် ငွေကျပ် သိန်း ၂၀ မှ သိန်း ၃၀ ခန့်ထိ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ် မီနီထရပ် (ခွေးဘီလူး)ကားများအနက် ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၅၀ ခန့်ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူး ကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၃၀ ခန့်၊ Auto ငွေကျပ် ၁၄၅ သိန်းခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ထို့ပြင် ဖရီးပါမစ်ကားများဖြစ်သည့် Honda Fit၊ Honda Lnsight၊ Nissan March၊ Mazda Demio ကားများ အရောင်းအဝယ် အနည်းငယ်ဖြစ်ကြောင်းသိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် သိန်း ၁၄၀၊ စလစ်အပ်ကား ငွေကျပ် သိန်း ၁၂၀၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၂၀ ရှိကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကွတ်ခိုင်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်ကြား မိုင်းယုလေး-မုံးဝီးလမ်းပိုင်း၌ ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**လားရှိုး ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွတ်ခိုင်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်ကြား မိုင်းယုလေး-မုံးဝီးလမ်းပိုင်း၌ ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက ကွတ်ခိုင်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်တို့ကို ဆက်သွယ်သည့် မိုင်းယုလေး-မုံးဝီးလမ်းပိုင်း၌ ဖြုန်းကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို လိုက်လံရှင်းလင်းပြသရာ ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါလမ်းပိုင်းတွင် အရှည် ငါးမိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၉၂ ဒသမ ၉၆၀ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် ကွတ်ခိုင်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်တို့သို့ အဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်မည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အကျိုးပြုစေမည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာသည့်အတွက် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ရှိ မြန်မာအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များနှင့် လူမှုရေးအသင်းက ဆွမ်းအတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် အထွေထွေအတွင်းရေးမှူး သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းတို့က လက်ခံရယူစဉ်။

# တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသည့် မြန်မာ့ဖရဲသီးများ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်ပြီး ဈေးကောင်းရရှိနေ



**မူဆယ် ဖေဖော်ဝါရီ ၁၆**

တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသည့် မြန်မာ့ဖရဲသီးများ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်ပြီး ဈေးကောင်းရရှိနေကြောင်း မြန်မာ-တရုတ် နယ်စပ်ကုန်သည်ကြီးများအသင်း (မူဆယ်)မှ အလုပ်အမှုဆောင် ဦးဇော်သန်းထွန်းက ပြောပြ၍ သိရသည်။

လတ်တလောတွင် တရုတ်နိုင်ငံဘက်က ဖရဲသီးနှင့် သခွားမွေးဝယ်ယူမှု မြင့်တက်နေသည့်အပြင် ဖရဲသီးအပါအဝင် သစ်သီးဝလံတင်ပို့မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံဘက်ကလည်း ကိုဗစ်ကန့်သတ်ချက်များကို ဖြေလျှော့မှုများ ပြုလုပ်ထားသည့်အတွက် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သစ်သီးဝလံတင်ပို့ရာ၌ ကုန်တင်ယာဉ် အစီးရေ ၁၇၀ ကျော်ဖြင့် နေ့စဉ်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နေရကြောင်း သိရသည်။

"တရုတ်နှစ်သစ်ကူးကာလအပြီးမှာ ဖရဲ၊ သခွားဈေးကွက်က အရောင်းအဝယ်အေးနေရာကနေ ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၄ ရက်လောက်ကစပြီး အဝယ်ပြန်တက်လာသလို ဈေးကောင်းလဲရလာပါတယ်။ ဖရဲသီး တစ်ကီလိုဂရမ်ကို နှစ်သစ်ကူးကာလက တရုတ်ငွေ ၃ ဒသမ ၆ ယွမ်လောက်ပဲ ရှိရာကနေ အခုရက်တွေမှာ တရုတ်ငွေ ၄ ဒသမ ၁ ယွမ်ထိ ဈေးကောင်းပေးနေပါပြီ။ အစေ့မဲ့အသီးဆိုရင်လဲ တစ်ကီလိုဂရမ်ကို အရင်က တရုတ်ငွေ ၅ ဒသမ ၄ ယွမ်ရှိရာကနေ အခုရက်တွေမှာ တရုတ်ငွေ ၅ ဒသမ ၇ ယွမ်ထိ ဈေးရနေပါတယ်။ သခွားမွေးကတော့ အရည်အသွေးအကောင်းဆုံး သခွားမွေးတစ်ကီလိုဂရမ်ကို တရုတ်ငွေ ၅ ဒသမ ၈ ယွမ်ကနေ တရုတ်ငွေ ၆ ဒသမ ၆ ယွမ်ကြား ရရှိနေပါတယ်။ ကုန်တင်ပို့မှုအပိုင်းမှာလဲ တရုတ်နှစ်သစ်ကူးမတိုင်မီက ကုန်တင်ယာဉ် အစီးရေ ၁၀၀ ကျော်နဲ့ တင်ပို့ရာကနေ အခုဆိုရင် ကုန်တင်ယာဉ် အစီးရေ ၁၇၀ ကျော်ထိ တိုးတက်တင်ပို့နေရပါတယ်"ဟု ဦးဇော်သန်းထွန်းက ပြောပြ၍ သိရသည်။

**ASH**

# တောင်သာမြို့နယ် ကန်အေးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကန်အေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်နေလူမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်တို့က ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကန်အေးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦး စုစုပေါင်း အသင်းသား ၁၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# ကြာအင်းဆိပ်ကြီးမြို့နယ် လှိုင်ကနီ-လှာကဒါကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၁၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သော လှိုင်ကနီ-လှာကဒါ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လှိုင်ကနီ-လှာကဒါ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာချင်းဆက်လမ်း ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

လှိုင်ကနီ-လှာကဒါ ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မဖောက်လုပ်ခြင်းလုပ်ငန်းနှင့် အဆိုပါ လမ်းပေါ်တွင် အရှည် ၂၄ ပေ၊ အကျယ် ငါးပေ၊ အမြင့် ငါးပေရှိ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရာမညနယူးလိုက် ကုမ္ပဏီက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၇၆ ဒသမ ၁၂၀၅ သန်းအကုန်အကျခံကာ ၂၀၂၂ ခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပြီးစီးမှုကြောင့် အိမ်ခြေ ၉၆၁ အိမ်၊ လူဦးရေ ၄၁၇၈ ဦးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အပြင် စိုက်ပျိုးမြေဧက ၁၂၀၀ မှ ထွက်ရှိသော ဒေသထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**



# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# အားမာန်ဝင့်ချီ ပန်းတိုင်ဆီ

\- ခေတ်လူငယ် မောင်မယ်များ
ရည်မှန်းချက်ထား ခရီးနှင်၊
လေ့လာကာ အစဉ်မပျက်
ရှေ့ဆက်အစဉ်၊
ကြိုးစားကြ ဘဝတွင်
ကိုယ်သာလျှင် အရေးကြီး၊
ကိုယ့်အားကို ကိုယ်ကိုးကြမှ
ပန်းတိုင်ကနီး။

\- ပညာကို ကြိုးစားပြီး
မညည်းညူဘဲ စွမ်းဆောင်၊
တိုးတက်လာ ခေတ်ကိုရောက်
နောက်မကျအောင်၊
မြင့်တင်ကြ ပျင်းစိတ်ရှောင်
ကိုယ့်ဂုဏ်ရောင် တောက်စေလျက်၊
ဓားတစ်ချောင်းလို အမြဲသွေးမှ
သံချေးမတက်။

\- ဖြတ်သန်းစဉ် လူတိုင်းအတွက်
အခက်ခဲက ကြုံရမှာ၊
စိတ်ဓာတ်ကို မြှင့်တင်လှမ်း
အောင်ပန်းယူပါ၊
ဇွဲလုံ့လ ဝီရိယသာ
ထားကြကာ ကြိုးစားပေး၊
အားမာန်ချီ စိတ်ဓာတ်တက်ကြွမှ
(လိုရာသို့လေ)
ရောက်ရမယ်လေး။ ။

မြင့်မိုရ်လင်း(ချောင်းဆုံ)

# မအူပင်မြို့နယ်တွင် ဖေဖော်ဝါရီလအတွင်း ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိဈေးကောင်းရရှိ

**မအူပင် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဖေဖော်ဝါရီလအတွင်း ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိလာသောကြောင့် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ငါးရှဉ့်ရှာဖွေသူများ အဆင်ပြေကြကြောင်း မအူပင်မြို့ရှိ မျိုးမြန်မာငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလက ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ မှ ငွေကျပ် ၆၅၀၀ ဈေးသာရရှိခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့ထိ ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ ငါးရှဉ့်များဈေးကောင်းရရှိလာခြင်းသည် ပြည်တွင်းမှ ငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့သည့် လုပ်ငန်းရှင်များက လုပ်ငန်းများ ပြန်လည် လည်ပတ်လုပ်ကိုင်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ငါးရှဉ့်တွေ ဈေးသိသိသာသာကောင်းလာပါတယ်။ ဒါကလဲ ရပ်ထားခဲ့တဲ့ ပြည်ပငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာနဲ့ လက်ရှိငါးရှဉ့်အထွက်နှုန်း နည်းနေတာကြောင့် ဈေးကောင်းလာတဲ့အခြေအနေပါ။ လက်ရှိပေါက်နေတဲ့ ငါးရှဉ့်ဈေးက ငါးရှဉ့်မွေးမြူသူတွေနဲ့ သဘာဝအတိုင်း ရှာဖွေဖမ်းဆီးသူတွေအတွက် အခွင့်အရေးပဲဖြစ်ပါတယ်။ မအူပင်ဘက်မှာက မွေးမြူရေးငါးရှဉ့်နဲ့ သဘာဝအတိုင်း ဖမ်းဆီးရရှိတဲ့ ငါးရှဉ့်တွေ ထွက်ပါတယ်။ အခုလို ဈေးကောင်းလေးရလာတော့ ကာလရှည်အခက်အခဲရှိနေတဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့ရှိ မျိုးမြန်မာငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးမျိုးဇော်က ပြောပြသည်။

မအူပင်မြို့နယ်တွင် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းကို တစ်နှစ်ပတ်လည်လုံး မွေးမြူလုပ်ကိုင်ကြပြီး သဘာဝအတိုင်းရှာဖွေဖမ်းဆီးသည့် ငါးရှဉ့်များကို ဒေသခံများက ချောင်း၊ အိုင်၊ မြောင်းများ၊ လယ်ကွင်းများတွင် ရှာဖွေရရှိကြောင်း၊ အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချနေကြောင်း မအူပင်မြို့ရှိ မျိုးမြန်မာ ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# မြို့သစ်မြို့နယ် ငကြောင့်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငကြောင့်ကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီ မိနစ် ၃၀ က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကူစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် ငကြောင့်ကုန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၂၄ သိန်း ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

သူသူ

# မိုင်းဖြတ်မြို့နယ် ပူပါလောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် နမ့်ပန်ကျေးရွာအုပ်စု ပူပါလောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပူပါလောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပူပါလောင်းကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့်နှစ်လက်မ PVC ပိုက် ၂၅၃ လုံးသွယ်တန်းခြင်းလုပ်ငန်းများကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀၇၀၀၀၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

ဇင်မာ

# နိုင်ငံတကာ သတင်းများ

## လော့ခ်ဟိမာတင်နှင့် ရေသီယွန်ကုမ္ပဏီများကို အရေးယူပိတ်ဆို့မှုများ တရုတ်ပြဋ္ဌာန်း

**ပေကျင်း ဖေဖော်ဝါရီ ၁၆**

တရုတ်(ထိုင်ပေ)ကို လက်နက်များ ရောင်းချမှုဖြင့် အမေရိကန်နိုင်ငံအခြေစိုက် လော့ခ်ဟိမာတင်ကုမ္ပဏီနှင့် ရေသီယွန်ကုမ္ပဏီတို့ကို တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်(ထိုင်ပေ)ကို လက်နက်များ ရောင်းချခဲ့မှုအတွက် လော့ခ်ဟိမာတင်ကုမ္ပဏီနှင့် ရေသီယွန်ကုမ္ပဏီတို့ကို စိတ်ချယုံကြည်၍ မရသည့် ကုမ္ပဏီများစာရင်းအတွင်း ထည့်သွင်းလိုက်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

အရေးယူပိတ်ဆို့မှု စည်းမျဉ်းအရ လော့ခ်ဟိမာတင်နှင့်ရေသီယွန်တို့ကို တရုတ်နိုင်ငံနှင့်ဆက်စပ်နေသော ပို့ကုန်သွင်းကုန်လုပ်ငန်းများ၌ ပါဝင်ပတ်သက်ခွင့်ပိတ်ပင်ထားကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

တရုတ်အစိုးရသည် လော့ခ်ဟိမာတင်နှင့် ရေသီယွန်တို့ကို ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလကလည်း အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ကုမ္ပဏီနှစ်ခုက တရုတ်(ထိုင်ပေ)သို့ လက်နက်များ ရောင်းချနေမှုကြောင့် တရုတ်နိုင်ငံ၏ လုံခြုံရေးအကျိုးစီးပွားများ ထိခိုက်ခဲ့ရပြီး တရုတ်-အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးလည်း ထိခိုက်ခဲ့ရကြောင်း ထိုစဉ်ကာလ၌ တရုတ်အစိုးရက ပြောကြားထားသည်။

တရုတ်နိုင်ငံသည် တရုတ်(ထိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ်သတ်မှတ်ထားပြီး လိုအပ်ပါက အင်အားသုံး၍ ပြည်မကြီးအချုပ်အခြာအောက် ပြန်လည်ထည့်သွင်းမည်ဖြစ်ကြောင်း ပြောကြားထားပြီးဖြစ်သည်။

KKO

## မြေငလျင်ကြောင့် စီးပွားရေးအရ တူရကီနိုင်ငံဆုံးရှုံးရမည့်တန်ဖိုး ယခုနှစ်ဂျီဒီပီ၏ တစ်ရာခိုင်နှုန်းထိ ရှိနိုင်ဟုဆို



**အင်ကာရာ ဖေဖော်ဝါရီ ၁၆**

ဖေဖော်ဝါရီ ၆ ရက် မြေငလျင်များကြောင့် စီးပွားရေးအရ တူရကီနိုင်ငံဆုံးရှုံးရမည့် ပမာဏသည် ယခုနှစ် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၏ တစ်ရာခိုင်နှုန်းနှင့် ညီမျှနိုင်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မြေငလျင် ကပ်ဘေးကြောင့် တူရကီနိုင်ငံ ဆုံးရှုံးရမည့် စီးပွားရေးတန်ဖိုးကို ဥရောပပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ်က ယနေ့တွင် တွက်ချက်ထုတ်ပြန်ထားခြင်းဖြစ်သည်။

ဥရောပပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာတွင် တူရကီနိုင်ငံ၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၃ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းထိ ခန့်မှန်းထားသည်။

မြေငလျင် ကပ်ဘေးကြောင့် တူရကီနိုင်ငံ ဆုံးရှုံးရမည့်စီးပွားရေးပမာဏကို ယခုနှစ် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု တန်ဖိုး၏ တစ်ရာခိုင်နှုန်းအဖြစ် တွက်ချက်ခန့်မှန်းထားမှုမှာ တူရကီ၏လက်ရှိစီးပွားရေးဖွံ့ဖြိုးမှုနှုန်းအရ သင့်လျော်မှုရှိကြောင်း ဥရောပပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ်မှ ဘောဂဗေဒပညာရှင်များက ပြောကြားထားသည်။

ဖေဖော်ဝါရီ ၆ ရက်မြေငလျင်များကြောင့် တူရကီနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့၌ လက်ရှိအချိန်ထိ သေဆုံးသူဦးရေ ၄၁၀၀၀ ကျော်ထိ ရှိလာပြီဖြစ်သည်။

ထို့ပြင် အဆိုပါနိုင်ငံနှစ်နိုင်ငံစလုံး၌ မြေငလျင်ဒဏ်ကြောင့် အဆောက်အအုံ ထောင်ပေါင်းများစွာတို့ ပြိုကျပျက်စီးခဲ့ရပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများလည်း ထိခိုက်ခဲ့ရသည်။ KKO

## အမေရိကန်အမတ်များ အခြားနိုင်ငံများ၏အချုပ်အခြာပိုင်စိုးမှုကို မလေးမစားလုပ်နေသည်ဟု တရုတ်ဝေဖန်

**ပေကျင်း ဖေဖော်ဝါရီ ၁၆**

အမေရိကန်လွှတ်တော်အမတ်များသည် အခြားနိုင်ငံများ၏အမျိုးသားအချုပ်အခြာပိုင်စိုးမှုကို မလေးမစားပြုမူနေကြောင်း တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ပြည်ပရေးရာကော်မတီက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် လေပိုင်နက်အတွင်း တရုတ်မိုးပျံပူဖောင်းဝင်ရောက်မှုအပေါ် ရှုတ်ချသည့်အဆိုတစ်ရပ်ကို အမေရိကန် ကွန်ဂရက်လွှတ်တော်က အတည်ပြုခဲ့ပြီးနောက် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်က အဆိုပါအတိုင်း ပြန်လည် တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အချို့သော အမေရိကန်လွှတ်တော်အမတ်များသည် တရုတ်မိုးပျံပူဖောင်းပြဿနာ ပိုမိုကြီးထွားလာစေရန် မီးလောင်ရာလေပင့်လုပ်နေပြီး တရုတ်နိုင်ငံကို ထိန်းချုပ်မည့် ၎င်းတို့၏အစီအစဉ်များအား ပြသနေကြောင်း တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် ပြည်ပရေးရာကော်မတီကြေညာချက်၌ ဖော်ပြခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံကိုယ်တိုင်သည် အခြားနိုင်ငံများ၏ ပြည်တွင်းရေး ပြဿနာများတွင် ကြားဝင်စွက်ဖက်နေပြီး အခြားနိုင်ငံများ၏အချုပ်အခြာကို ချိုးဖောက်၍ ထောက်လှမ်းရေးလုပ်ငန်းများ ပြုလုပ်နေသော နိုင်ငံဖြစ်ကြောင်း တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ပြည်ပရေးရာကော်မတီက ဝေဖန်ထားသည်။

အမေရိကန်နိုင်ငံသည် ဖေဖော်ဝါရီ ၄ ရက်တွင် အမေရိကန်ဝေဟင်ပိုင်နက်အတွင်း ဝင်ရောက်ပျံသန်းနေသည့် မိုးပျံပူဖောင်းတစ်လုံးကို သူလျှိုမိုးပျံပူဖောင်းအဖြစ် သတ်မှတ်၍ ပစ်ချခဲ့ရာ တရုတ်နှင့်အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့ရသည်။

အမေရိကန် ကွန်ဂရက်လွှတ်တော်သည် တရုတ်မိုးပျံပူဖောင်း အမေရိကန်နိုင်ငံဝေဟင်အတွင်း ဝင်ရောက်မှုအား အချုပ်အခြာအာဏာပိုင်စိုးမှုကို ချိုးဖောက်မှုအဖြစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဝေဖန်ရှုတ်ချခဲ့သည်။ KKO

## ငွေစက္ကူဟောင်းများပြန်လည်အပ်နှံရမည့်ကာလကို နိုင်ဂျီးရီးယားနိုင်ငံ သက်တမ်းထပ်တိုး

**အဘူဂျာ ဖေဖော်ဝါရီ ၁၆**

ဖျက်သိမ်းမည့် ငွေစက္ကူဟောင်းများ ပြန်လည်အပ်နှံရမည့်ကာလကို ရက်ပေါင်း ၆၀ သက်တမ်းထပ်တိုးပေးရန် နိုင်ဂျီးရီးယားသမ္မတဘူဟာရီက ယနေ့တွင် သဘောတူခွင့်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတ ရွေးကောက်ပွဲနှင့် လွှတ်တော် ရွေးကောက်ပွဲများ မတိုင်မီ ငွေစက္ကူရှားပါးပြတ်လပ်မှုကြောင့် ဆန္ဒပြပွဲများဖြစ်ပွားခဲ့ပြီးနောက် ဖျက်သိမ်းတော့မည့် ငွေစက္ကူဟောင်းများ ပြန်လည်အပ်နှံနိုင်မည့်ကာလကို ရက်ပေါင်း ၆၀ ထပ်တိုးပေးမည့် ဗဟိုဘဏ်၏ အစီအစဉ်ကို သမ္မတ ဘူဟာရီက သဘောတူခဲ့ခြင်း ဖြစ်သည်။

နိုင်ဂျီးရီးယား ဗဟိုဘဏ်သည် လက်ရှိသုံးစွဲနေသော တန်ဖိုးမြင့်ငွေစက္ကူများကို ဖျက်သိမ်းရေးအတွက် နိုင်ရာငွေ ၁၀၀၀ တန်၊ ၅၀၀ တန်နှင့် ၂၀၀ တန် ငွေစက္ကူသစ်များကို ထုတ်ဝေရန် ပြီးခဲ့သည့်နှစ်က ဆုံးဖြတ်ခဲ့သည်။

သို့ရာတွင် ငွေစက္ကူဟောင်းများ ပြန်သိမ်းချိန်တွင် သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ငွေစက္ကူသစ်များ လိုသလောက်ထုတ်မရမှုကြောင့် နိုင်ဂျီးရီးယားနိုင်ငံ၌ ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ရသည်။

နိုင်ရာငွေ ၂၀၀ တန် ငွေစက္ကူဟောင်းများကို ယခုနှစ် ဧပြီ ၁၀ ရက်ထိ ငွေစက္ကူသစ်များနှင့်အတူ သုံးစွဲနိုင်မည်ဖြစ်ပြီး နိုင်ရာငွေ ၁၀၀၀ နှင့် ၅၀၀ တန် ငွေစက္ကူဟောင်းများကို ဗဟိုဘဏ်နှင့်အခြား သတ်မှတ်ဘဏ်များ၌ ဆက်လက်လဲလှယ်နိုင်ကြောင်း နိုင်ဂျီးရီးယားသမ္မတဘူဟာရီက ရုပ်သံမိန့်ခွန်း၌ ကြေညာထားသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ကျေးလက်ပြည်သူအများစုမှာ ဘဏ်များကို အသုံးမချနိုင်သေးမှုကြောင့် ငွေပေးချေမှုများပြုလုပ်ရာတွင် ငွေစက္ကူဟောင်းများကိုသာ အဓိကထားသုံးစွဲနေရကြောင်း သိရသည်။

KKO

## ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှုဈေးနှုန်းကို ၆၆ ရာခိုင်နှုန်းထိ သီရိလင်္ကာမြှင့်တင်

**ကိုလံဘို ဖေဖော်ဝါရီ ၁၆**



သီရိလင်္ကာနိုင်ငံသည် ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှုဈေးနှုန်းကို ယနေ့တွင် ၆၆ ရာခိုင်နှုန်း မြှင့်တင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)မှဘဏ္ဍာရေးအကူအညီရယူရေး မျှော်လင့်ချက်ဖြင့် ပြည်တွင်းလျှပ်စစ်ဓာတ်အားဈေးနှုန်းကို သီရိလင်္ကာအစိုးရက မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

သို့သော် လျှပ်စစ်ဓာတ်အားဈေးနှုန်းကို အစိုးရက မြှင့်တင်ခဲ့ခြင်းကြောင့် ငွေကြေးတန်ဖိုးဖောင်းပွမှုနှုန်း ၅၄ ဒသမ ၂ ရာခိုင်နှုန်းထိ မြင့်တက်နေမှုနှင့် ရင်ဆိုင်နေရသည့် သီရိလင်္ကာပြည်သူများအနေဖြင့် ပို၍ဒုက္ခရောက်လာကြရဖွယ်ရှိသည်။


ပြည်တွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုဈေးနှုန်းမြှင့်တင်ခဲ့မှုကြောင့် ဆင်းရဲသားပြည်သူများ ပို၍ဒုက္ခရောက်မည်ကို မိမိတို့ သိထားကြောင်း၊ သို့ရာတွင် ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်တွင် မိမိတို့အနေဖြင့် ရွေးချယ်ရန် နည်းလမ်းမရှိတော့ကြောင်း သီရိလင်္ကာအစိုးရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ကန်ချနာဝီဂျီဆီကီရာက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှုဈေးနှုန်းမြှင့်တင်မှုကို အိုင်အမ်အက်ဖ်၏ဘဏ္ဍာရေးအကူအညီ ရယူရေးအတွက် လိုအပ်သည့် ခြေလှမ်းတစ်ရပ်အဖြစ် သီရိလင်္ကာအစိုးရက သုံးသပ်ထားကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် လက်ရှိအချိန်တွင် နှစ် ၇၀ အတွင်း အဆိုးရွားဆုံးဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ KKO

# SCIENCE AND TECHNOLOGY

## စကြဝဠာဖွဲ့စည်းရာတွင် အဓိကကျသည့် မဟူရာစွမ်းအင်ခေါ် စွမ်းအင်တစ်မျိုး၏အရင်းအမြစ်က အာကာသတွင်းနက်များဖြစ်နိုင်



**လန်ဒန် ဖေဖော်ဝါရီ ၁၆**

စကြဝဠာကြီး ဖွဲ့စည်းတည်ဆောက်ရာတွင် အဓိကကျသည့် မဟူရာစွမ်းအင် (Dark Energy) ခေါ် စွမ်းအင်ပုံစံတစ်မျိုး၏ အရင်းအမြစ်သည် အာကာသတွင်းနက်များဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၅ ရက်က ရေးသားတင်ပြထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အာကာသတွင်းနက်များသည် သီအိုရီရူပဗေဒပညာရှင် အိုင်စတိုင်း၏ ယေဘုယျနှိုင်းရသီအိုရီနှင့်အညီ မဟူရာစွမ်းအင်များကို ထိန်းပေးထားသည်ဟု ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အထက်ပါအယူအဆ မှန်ကန်ခဲ့ပါက စကြဝဠာဗေဒလောက တစ်ခေတ်ဆန်းလာနိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

စကြဝဠာအများစုကို မဟူရာစွမ်းအင်ဖြင့် ဖွဲ့စည်းထားကြောင်း သိပ္ပံပညာရှင်များက သီအိုရီသဘောအရ အတည်ပြုထားနိုင်သော်လည်း ၎င်းစွမ်းအင်များ၏ မူလအစနှင့် သဘာဝကို ရှင်းပြနိုင်စွမ်း မရှိသေးသေးကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်သည် နှစ်ပေါင်း ၂၀ ကျော်ကြာမျှ သိပ္ပံပညာရှင်များ ခေါင်းရှုပ်ခဲ့ရသည့် မဟူရာစွမ်းအင်များ၏ မူလအရင်းအမြစ်ပြဿနာအတွက် အဖြေဖြစ်နိုင်ကြောင်း ပြောကြားပြီး မဟူရာစွမ်းအင်များ၏ တွန်းထုတ်အားကြောင့် စကြဝဠာကြီး အရှိန်ဖြင့် ပြန့်ထွက်နေခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

KKO

## ကမ္ဘာမြေနှင့်အလင်းနှစ် သန်း ၁၄၀ အကွာတွင်ဖြစ်ပွားနေသည့် ကီလိုနိုဗာအာကာသပေါက်ကွဲမှုတစ်ရပ်ကို သိပ္ပံပညာရှင်များလေ့လာစောင့်ကြည့်နိုင်ခဲ့

**ကိုပင်ဟေဂင် ဖေဖော်ဝါရီ ၁၆**

ကမ္ဘာမြေနှင့် အလင်းနှစ်သန်း ၁၄၀ အကွာတွင်ဖြစ်ပွားနေသည့် ကီလိုနိုဗာ ခေါ် ပြီးပြည့်စုံသော အာကာသပေါက်ကွဲမှုတစ်ရပ်ကို သိပ္ပံပညာရှင်များက လေ့လာစောင့်ကြည့်နိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၅ ရက်က ရေးသားတင်ပြထားသည်။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ လေ့လာနိုင်ခဲ့သည့် အဆိုပါအာကာသပေါက်ကွဲမှုသည် တစ်စင်းနှင့်တစ်စင်း လှည့်ပတ်နေသော နျူထရွန်ကြယ်နှစ်စင်း ဝင်တိုက်မိချိန်တွင် ဖြစ်ပွားတတ်သည့် ကီလိုနိုဗာခေါ် ကြယ်ပေါက်ကွဲမှုပုံစံတစ်မျိုးဖြစ်ကြောင်း သိရသည်။

နျူထရွန်ကြယ်နှစ်စင်းဝင်တိုက်ချိန်တွင် သာမန်အားဖြင့်ပေါ်ထွက်လာသည့် စွမ်းအင်တိမ်တိုက်များမှာ ချပ်ဝန်းလွှာစွမ်းအင်တိမ်တိုက်များဖြစ်နေတတ်သည်။



သို့ရာတွင် မိမိတို့တွေ့ရှိထားသော ကီလိုနိုဗာပေါက်ကွဲမှုတွင်မူ ပေါ်ထွက်လာသည့် စွမ်းအင်တိမ်တိုက်မှာ ပူဖောင်းတစ်လုံးသဖွယ်လုံးဝန်းနေကြောင်း ဒိန်းမတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကီလိုနိုဗာပေါက်ကွဲမှု၌ ပေါက်ကွဲမှုဝတ်ဆံနယ်မြေမှ ပေါ်ထွက်လာသည့်စွမ်းအင်ပမာဏများပြားမှုကြောင့် ပေါ်ထွက်လာသော စွမ်းအင်တိမ်တိုက်မှာစက်လုံးပုံဖြစ်နေရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ကီလိုနိုဗာ ပေါက်ကွဲမှုများမှ ထွက်ပေါ်လာသည့်စွမ်းအင်ပမာဏသည် သာမန်ကြယ်ပေါက်ကွဲမှုများမှ ပေါ်ထွက်လာသည့်စွမ်းအင်ပမာဏထက် အဆ ၁၀၀၀ ထိ များပြားနေတတ်ကြောင်း သိရသည်။

KKO

## IMAP ကြယ်တာရာဟင်းလင်းပြင်လေ့လာရေး အာကာသယာဉ်အတွက် မစ်ရှင်ဒီဇိုင်းပုံစံဆန်းစစ်မှုလုပ်ငန်းကို နာဆာအပြီးသတ်လုပ်ဆောင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

IMAP ဟူ၍ အမည်ပေးထားသည့် ကြယ်တာရာဟင်းလင်းပြင်လေ့လာရေး အာကာသယာဉ်အတွက် မစ်ရှင်ဒီဇိုင်းပုံစံဆန်းစစ်မှုလုပ်ငန်းကို အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က အပြီးသတ် လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၅ ရက်က ရေးသားတင်ပြထားသည်။

မစ်ရှင်ဒီဇိုင်းပုံစံ သုံးသပ်မှုလုပ်ငန်းစဉ် အပြီးသတ်နိုင်ခဲ့မှုကြောင့် IMAP ကြယ်တာရာဟင်းလင်းပြင် လေ့လာရေးအာကာသယာဉ်ကို ၂၀၂၅ ခုနှစ်တွင် လွှတ်တင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

IMAP ကြယ်တာရာဟင်းလင်းပြင် လေ့လာရေးအာကာသယာဉ်သည် နေမှထုတ်လွှတ်လိုက်သည့် စွမ်းအင်ဆောင် အမှုန်စီးကြောင်းများနှင့် ကြယ်တာရာဟင်းလင်းပြင်ကြားခံနယ်မြေတို့ကြား အပြန်အလှန် တုံ့ပြန်မှုကိုလေ့လာမည်ဖြစ်ကြောင်း၊ အဆိုပါ အာကာသယာဉ်အတွက် စူးစမ်းလေ့လာရေးစနစ်များတပ်ဆင်မှုကို ယခုနှစ်ဒီဇင်ဘာလနှင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကြား ကာလအတွင်းပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

IMAP အာကာသယာဉ်၏ အကူအညီဖြင့် ဟီလီယိုစဖီးယားခေါ် နေအဖွဲ့အစည်းအနားသတ်နယ်မြေ၏ သဘာဝကို ပိုမိုနားလည်လာနိုင်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ဟီလီယိုစဖီးယားနယ်မြေသည် နေ၏စွမ်းအင်ဆောင် အမှုန်စီးကြောင်းများကြောင့် ပေါ်ထွက်လာသော သံလိုက်စက်ကွင်းနယ်မြေဖြစ်ပြီး နေအဖွဲ့အစည်းကိုပူဖောင်းတစ်လုံးပမာ လွှမ်းခြုံထားသော အာကာသနယ်မြေဖြစ်သည်။KKO

# HEALTH

## တရုတ်နိုင်ငံမှ ဆယ်ကျော်သက်လူငယ်တစ်ဦး ကမ္ဘာ့အသက်အငယ်ဆုံး အယ်ဇိုင်းမားလူနာဖြစ်လာ

**ပေကျင်း ဖေဖော်ဝါရီ ၁၆**

တရုတ်နိုင်ငံမှ ဆယ်ကျော်သက်လူငယ်တစ်ဦးသည် အယ်ဇိုင်းမားရောဂါစစ်ဆေးတွေ့ရှိရသည့် ကမ္ဘာ့အသက်အငယ်ဆုံး အယ်ဇိုင်းမားလူနာဖြစ်လာကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၅ ရက်က ရေးသားတင်ပြထားသည်။

အသက် ၁၉ နှစ် အရွယ်ရှိအဆိုပါ တရုတ်လူငယ်သည် မှတ်ဉာဏ်ဆုံးရှုံးမှုအပါအဝင် အယ်ဇိုင်းမားရောဂါများကို နှစ်နှစ်ကြာခံစားခဲ့ရကြောင်း တရုတ်ဆေးပညာရှင်များက ပြောကြားသည်။

အဆိုပါ တရုတ်လူငယ်တွင် မိသားစုဝင်များ၌ အယ်ဇိုင်းမားရောဂါဖြစ်ဖူးသည့် ရာဇဝင်မရှိသကဲ့သို့ ငယ်ငယ်ရွယ်ရွယ်ဖြင့် အယ်ဇိုင်းမားဖြစ်ပွားတတ်သူများ၌ တွေ့ရတတ်သည့် မျိုးဗီဇအပြောင်းအလဲများလည်းမရှိကြောင်း ပေကျင်းမြို့တော် ဆေးတက္ကသိုလ်မှသုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ လူငယ်သည် မျိုးဗီဇအပြောင်းအလဲမရှိဘဲ အယ်ဇိုင်းမားရောဂါ ခံစားခဲ့ရသူလူနာများအနက် အသက်အငယ်ဆုံး လူနာလည်းဖြစ်ကြောင်း တရုတ်ဆေးပညာရှင်များက သုံးသပ်ထားသည်။

ယခင်ကမ္ဘာ့အသက်အငယ်ဆုံး အယ်ဇိုင်းမားလူနာအဖြစ် မှတ်တမ်းဝင်ခဲ့သူ လူနာ၏အသက်မှာ ၂၁ နှစ်ရှိပြီး မျိုးဗီဇဖောက်ပြန်မှုကြောင့် ၎င်းရောဂါကို ခံစားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အယ်ဇိုင်းမား ရောဂါသည် သာမန်အားဖြင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပိုင်းများ၌သာ ဖြစ်ပွားတတ်သော ရောဂါမျိုးဖြစ်ကြောင်း သိရသည်။ KKO

## ယာဉ်အသွားအလာများသော လမ်းမအနီးနေထိုင်သူ ကလေးများ၌ နှင်းခူနာဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

ယာဉ်သွားယာဉ်လာ များပြားသော အဓိကလမ်းမကြီးများအနီးနေထိုင်သူကလေးများ၌ နှင်းခူနာဖြစ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၅ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကလေးဦးရေ ၁၄၀၀၀ ကျော်ပါဝင်သော လေ့လာချက်တစ်ရပ်ကို ၁၃ နှစ်ကြာအချိန်ယူပြုလုပ်ခဲ့သည်။

လေ့လာချက် ရလဒ်များအရ ယာဉ်သွားယာဉ်လာများပြားသည့် အဓိကလမ်းမကြီးများနှင့် မီတာ ၁၀၀၀ အကွာတွင် နေထိုင်သူကလေးများသည် မီတာ ၅၀၀ အကွာတွင် နေထိုင်သူကလေးများနှင့်နှိုင်းယှဉ်ပါက နှင်းခူနာဖြစ်နိုင်ခြေ ၂၇ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် နှင်းခူနာဖြစ်နိုင်ခြေနှင့် ယာဉ်သွားယာဉ်လာများသည့် လမ်းမတန်းအနီး နေထိုင်မှုတို့ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို သုတေသန ပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။

အထက်ပါအခြေအနေနှစ်ရပ်ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို နားလည်ရေးအတွက် လေ့လာမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ရန်လိုကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ယာဉ်သွားလမ်းနှင့်ပို၍ ဝေးလာသည်နှင့်အမျှ နှင်းခူနာဖြစ်နိုင်ခြေလည်း အချိုးတူကျဆင်းသွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO



# နိုင်ငံတကာ အားကစားသတင်းများ

## အီတလီစီးရီးအေ ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်

ML

**မွန်ဇာ Vs အေစီမီလန်**

**ကစားမည့်ရက်/အချိန် ၁၈-၂-၂၀၂၄ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေစီမီလန် ၄ - ၁ မွန်ဇာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မွန်ဇာ | - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| အေစီမီလန် | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

မွန်ဇာအသင်းဟာ ခြေစွမ်းပိုင်းထက်မြက်လာတာကြောင့် အသင်းကြီးတွေကိုတောင် အနိုင်ကစားခဲ့ပြီး အိမ်ကွင်းသုံးပွဲဆက် ရှုံးပွဲမရှိသေးပါဘူး။ အေစီမီလန်ကတော့ ကြားရက်မှာ ချန်ပီယံလိဂ်ကစားထားရသလို ပြိုင်ပွဲစုံမှာလဲ တိုက်စစ်ပိုင်းဂိုးရဖို့ ခက်ခဲနေတာကြောင့် အခုပွဲစဉ်မှာလဲ နိုင်ပွဲရဖို့ ရုန်းကန်ရမှာပါ။ ဒါကြောင့် မွန်ဇာအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - မွန်ဇာ ၁ - ၁ အေစီမီလန်**

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်များ

ML

**အေဗီလာ Vs အာဆင်နယ်**

**ကစားမည့်ရက်/အချိန် ၁၈-၂-၂၀၂၄ (ည ၀၇:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အာဆင်နယ် ၂ - ၁ အေဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေဗီလာ | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| အာဆင်နယ် | - | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(ရှုံး) |

အေဗီလာအသင်းဟာ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် နောက်ဆုံးနှစ်ပွဲမှာ ခံစစ်ပိုင်းက ပေးဂိုး ငါးဂိုးထိ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ ပြိုင်ပွဲစုံလေးပွဲဆက်နိုင်ပွဲမရသေးတဲ့အာဆင်နယ်ကလဲ ရလဒ်ကျဆင်းနေတယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းနဲ့ တိုက်စစ်ကစားပုံက အေဗီလာအသင်းထက်သာနေတာကို တွေ့ရမှာပါ။ ဒါကြောင့် အာဆင်နယ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အေဗီလာ ၁ - ၂ အာဆင်နယ်**

**ချဲလ်ဆီး Vs ဆောက်သမ်တန်**

**ကစားမည့်ရက်/အချိန် ၁၈-၂-၂၀၂၄ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆောက်သမ်တန် ၂ - ၁ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | - | အိမ်(သရေ) | ဝေး(သရေ) | ဝေး(ရှုံး) |
| ဆောက်သမ်တန် | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

ချဲလ်ဆီးအသင်းဟာ ကစားသမားစုဖွဲ့မှုအားကောင်းပေမဲ့ လေးပွဲဆက်နိုင်ပွဲမရသေးဘဲ ရုန်းကန်နေရလို့ အခုအိမ်ကွင်းပွဲစဉ်ကိုတော့ မဖြစ်မနေနိုင်ပွဲရှာဖွေပြီး ဖိအားအောက်က ရုန်းထွက်လာမှာပါ။ ဆောက်သမ်တန်အသင်းကတော့ ကစားသမားစုဖွဲ့မှုနဲ့ ကစားကွက်ပိုင်း အားနည်းချက်တွေရှိနေတာကြောင့် ချဲလ်ဆီးတိုက်စစ်ကို ထိန်းချုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အိမ်ရှင် ချဲလ်ဆီးအသင်းပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၂ - ၀ ဆောက်သမ်တန်**

## အားကစားသတင်း အတိုအထွာများ

- ဂျူဗင်တပ်အသင်းက ခံစစ်ကစားသမား ဟူရေဆန်ကို လာမည့် ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းက ခေါ်ယူရန် ကြိုးပမ်းနေသည့် အင်တာမီလန် ခံစစ်ကစားသမား ဒမ်ဖရိုင်းစ်ကို အာဆင်နယ်အသင်းကလည်း ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- ပရီးမီးယားလိဂ်ပွဲကျန်တွင် မန်စီးတီးအသင်းကို အိမ်ကွင်း၌ သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် အာဆင်နယ်အသင်းသည် ရမှတ်တူဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ML

# ပြင်သစ်လီဂူး တစ်လတာအကောင်းဆုံးကစားသမားဆုကို မိုနာကိုတိုက်စစ်မှူး ဘန်ရယ်ဒါ ဆွတ်ခူး




**ပဲရစ် ဖေဖော်ဝါရီ ၁၆**

ပြင်သစ်လီဂူးပြိုင်ပွဲ၏ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို မိုနာကိုအသင်းတိုက်စစ်မှူး ဘန်ရယ်ဒါက ဆွတ်ခူးခဲ့ကြောင်း Get French Football News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဘန်ရယ်ဒါသည် ဇန်နဝါရီလအတွင်း ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် လိုရီယန့်အသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်၌ သွင်းဂိုးတစ်ဂိုး၊ အေဂျက်စီယိုအသင်းအား ခုနစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် အကောင်းဆုံး ကစားသမားစာရင်းတွင် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသည် တစ်လတာ အကောင်းဆုံး ကစားသမားဆုအတွက် လန်းအသင်းမှ တိုက်စစ်မှူး ဖရန်ကောစကီး၊ မာဆေးအသင်း တိုက်စစ်မှူး ဆန်းချက်ဇ်တို့နှင့် ယှဉ်ပြိုင်ခဲ့ရာတွင် ပရိသတ်များ၏ မဲပေးရွေးချယ်မှုအများဆုံးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ဇန်နဝါရီလ အကောင်းဆုံးကစားသမားဆုရရှိခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဘန်ရယ်ဒါသည် ယခုနှစ်ဘောလုံးရာသီတွင် ပုံစံကောင်းရရှိနေသူဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲ ၁၉ ပွဲတွင် သွင်းဂိုး ၁၄ ဂိုးထိ သွင်းယူနိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၁ ရက်က ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ပွဲစဉ်တွင်လည်းအသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူကာ သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ၂၃ ပွဲကစားအပြီးတွင် ရမှတ် ၄၇ မှတ်ထိ ရရှိခဲ့ပြီး အဆင့်(၁) မှပီအက်စ်ဂျီအသင်းနှင့် ရမှတ်ခုနစ်မှတ်သာ ကွာဟမှုရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ML

# အာဂျင်တီးနားအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အယ်ကာရက်ဇ် တက်ရောက်

**ဗျူနိုစ်အေရိစ် ဖေဖော်ဝါရီ ၁၆**

အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရိစ်တွင် ကျင်းပနေသည့် အာဂျင်တီးနား အိုးပင်းတင်းနစ်ပြိုင်ပွဲဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဆားဘီးယားတင်းနစ်ကစားသမားလက်စလိုဒီလီတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ အယ်ကာရက်ဇ်က (၆-၂၊ ၄-၆၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ATP Tour က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့် (၁) နေရာအား ဆုံးရှုံးထားရသည့် အယ်ကာရက်ဇ်သည် ဂျိုကိုဗစ်ထံမှ ကမ္ဘာ့အဆင့် (၁) နေရာအား ပြန်လည်ရယူနိုင်ရေးအတွက် အာဂျင်တီးနားအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

ဒဏ်ရာပြဿနာကြောင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအား လွဲချော်ခဲ့ရသည့် အယ်ကာရက်ဇ်သည် ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် ပွဲဦးထွက်အနေဖြင့် အာဂျင်တီးနားအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။




အယ်ကာရက်ဇ်က “ဒဏ်ရာပြဿနာကနေ သက်သာလာခဲ့ပြီးနောက်ပိုင်း ရလဒ်ကောင်းတွေ စွမ်းဆောင်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အာဂျင်တီးနားမြေမှာ ကျွန်တော့်အတွက် အမှတ်တရကောင်းတွေရှိတယ်။ ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူခဲ့ရပြီး ပွဲဦးထွက်အနေနဲ့အာဂျင်တီးနား အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ခဲ့တာလဲဖြစ်ပါတယ်။ အာဂျင်တီးနားမြေမှာ နောက်ထပ်အမှတ်တရကောင်းတွေ ရရှိမယ်လို့လဲ မျှော်လင့်ပါတယ်။ ဗျူနိုစ်အေရိစ်မှာ ယှဉ်ပြိုင်ရတာ စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။ ပရိသတ်အင်အား ဒီလောက်များမယ်လို့ လုံးဝထင်မထားခဲ့ဘူး။ လာရောက်အားပေးကြတဲ့ ပရိသတ်တွေကိုလဲ ကျေးဇူးတင်ပါတယ်။ အာဂျင်တီးနား ပရိသတ်တွေနဲ့အတူ ကျွန်တော့်ဘဝအတွက် နောက်ထပ်အမှတ်တရကောင်းတွေ ရရှိနိုင်မယ်လို့လဲ မျှော်လင့်ပါတယ်” ဟု ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်သည် ကွာတားဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမားတစ်ဦးပင်ဖြစ်သည့် လာဂျိုဗစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။AZL

# နည်းပြကွန်တီ အနားယူနေသည့်ကာလအတွင်း စပါးအသင်းကို လက်ထောက်နည်းပြစတယ်လီနီ တာဝန်ယူကိုင်တွယ်မည်

**လန်ဒန် ဖေဖော်ဝါရီ ၁၆**

စပါးအသင်းနည်းပြ ကွန်တီသည် သည်းခြေအိတ်ခွဲစိတ်ကုသမှုခံယူထားသည့်အတွက် ဒဏ်ရာအပြည့်အဝသက်သာစေရန် အီတလီနိုင်ငံတွင် ထပ်မံအနားယူသွားမည်ဖြစ်ပြီး ၎င်းအနားယူနေသည့်ကာလအတွင်း ယာယီနည်းပြအဖြစ် လက်ထောက်နည်းပြ စတယ်လီနီက တာဝန်ယူသွားမည်ဟု Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ ကွန်တီသည် ယခုလဆန်းပိုင်းက ဗိုက်အောင့်သည့်အတွက် ဆေးရုံပြသခဲ့ရာမှ သည်းခြေအိတ် ခွဲစိတ်ကုသရန်လိုအပ်သည့်အတွက် အနားယူနေခဲ့ရပြီး ပြီးခဲ့သည့်ရက်ပိုင်းက ပြန်လည်သက်သာလာခဲ့သောကြောင့်အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ပြီး လက်စတာအသင်းနှင့် အေစီမီလန်အသင်းတို့ ပွဲစဉ်များတွင် ပြန်လည်တာဝန်ယူကိုင်တွယ်ခဲ့သည်။

လက်ရှိတွင် နည်းပြကွန်တီသည် အပြည့်အဝပြန်လည်သက်သာခြင်းမရှိသေးသည့်အတွက် အေစီမီလန်အသင်းနှင့် စပါးအသင်းတို့ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ (၃၂) သင်းအဆင့် ပထမအကျော့ပွဲစဉ်အပြီးတွင် စပါးအသင်းနှင့် အင်္ဂလန်နိုင်ငံသို့ ပြန်လည်လိုက်ပါလာခြင်း မရှိခဲ့ဘဲ ဇာတိဖြစ်သည့် အီတလီနိုင်ငံတွင်သာ အနားယူနေခြင်းဖြစ်သည်။

စပါးအသင်းကလည်း ကွန်တီဒဏ်ရာကြောင့် အနားယူမည်ဖြစ်ပြီး ၎င်းအနားယူနေသည့်ကာလတစ်လျှောက်တွင်အသင်းကို ယာယီနည်းပြအဖြစ် လက်ထောက်နည်းပြစတယ်လီနီက တာဝန်ယူ ကြီးကြပ်သွားမည်ဟု အတည်ပြုထုတ်ပြန်ထားပြီး ကွန်တီအနေဖြင့်မည်သည့်အချိန်ထိအနားယူရမည်ကိုထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။STA

# ချဲလ်ဆီးအသင်းပိုင်ရှင်တော့ဘိုလီ နေမာကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်မည်




**လန်ဒန် ဖေဖော်ဝါရီ ၁၆**

ချဲလ်ဆီးအသင်းပိုင်ရှင်တော့ဘိုလီသည် ပီအက်စ်ဂျီအသင်းနှင့် အနာဂတ် မရေမရာဖြစ်နေသည့် နေမာကို ခေါ်ယူရန်အတွက် ပဲရစ်မြို့တွင် ရောက်ရှိနေပြီး မကြာမီ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု L'Equipe သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

နေမာသည် ပီအက်စ်ဂျီအသင်းနှင့်၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသေးသော်လည်း လက်ရှိတွင် နေမာသည် အသင်းဖော်များနှင့် ဆက်ဆံရေးမပြေလည်မှုများရှိနေသည့်အပြင် အသင်းအားကစားဒါရိုက်တာနှင့်ပါ စကားများခဲ့သည့်အတွက် ပီအက်စ်ဂျီအသင်းက လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် နေမာကိုရောင်းချရန် ပြင်ဆင်လျက်ရှိနေသည်။

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင် တော့ဘိုလီလက်ထက်တွင် ပြောင်းရွှေ့ကြေး အများအပြား အသုံးပြုထားပြီး ကစားသမားသစ်များခေါ်ယူအင်အားဖြည့်တင်းထားသော်လည်း လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင်လည်း အသင်းတိုက်စစ်ပိုင်းအတွက် နေမာကိုခေါ်ယူရန် ဆက်လက်ကြိုးပမ်းလျက်ရှိနေခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက နေမာကို ရောင်းချရန် ပြင်ဆင်နေသည်ဟု သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် ချဲလ်ဆီးအသင်းပိုင်ရှင် တော့ဘိုလီကိုယ်တိုင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ရောက်ရှိနေပြီး ပီအက်စ်ဂျီအသင်းမှ တာဝန်ရှိသူများနှင့် ဆွေးနွေးသွားမည်ဖြစ်သည်။

ပီအက်စ်ဂျီ အသင်းကလည်း နေမာကို ပြောင်းရွှေ့ကြေးယူရို ၇၅ သန်းခန့်ရရှိမည်ဆိုပါက ရောင်းချရန် ပြင်ဆင်ထားကြောင်း သိရသည်။

STA

# PGA Tour အဖွဲ့ချုပ်က စည်းကမ်းတင်းကျပ်စွာချမှတ်ထားသော်လည်း ဆီဘက်စတီယန်နှင့် ပါရဲရားတို့က LIV Golf ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟုထုတ်ပြန်

**ရိုယာ့ဒ် ဖေဖော်ဝါရီ ၁၆**

အမေရိကန်အခြေစိုက် PGA Tour အဖွဲ့ချုပ်က PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသော ဂေါက်သီးရိုက်ကစားသမားများအား LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် တားမြစ်ချက်ထုတ်ပြန်ထားသော်လည်း ကိုလံဘီယာ ဂေါက်သီးရိုက်ကစားသမား ဆီဘက်စတီယန်နှင့် ချီလီဂေါက်သီးရိုက်ကစားသမား ပါရဲရားတို့က LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်လိုက်သည်ဟု Sportsnuat သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီနိုင်ငံက ငွေကြေးအဓိကထောက်ပံ့ပေးနေသည့် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲ၏၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ပြိုင်ပွဲများ စတင်တော့မည်ဖြစ်ပြီး ဆီဘက်စတီယန်နှင့် ပါရဲရားတို့က ချီလီနာမည်ကြီး ဂေါက်သီးရိုက်ကစားသမား ဂျိုအာကွင်းနှင့်အတူLIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက် PGA Tour အဖွဲ့ချုပ်ကကျင်းပသည့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ပိတ်ပင်ခံရဖွယ်ရှိနေသည်။

LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ဂေါက်သီးရိုက် ကစားသမားများအား ငွေကြေးနောက်လိုက်သူများအဖြစ် ဝေဖန်ခံရမှုများရှိနေပြီး LIV Golf အဖွဲ့ချုပ်အနေဖြင့်လည်း ၎င်းတို့ကျင်းပသည့် ပြိုင်ပွဲများ၏ အရှိန်အဝါကို မြှင့်တင်နိုင်ရေးအတွက် နာမည်ကြီးကစားသမားများအား ဖိတ်ခေါ်မှုများလည်း ပြုလုပ်လျက်ရှိသည်။

LIV Golf အဖွဲ့ချုပ်က "၂၀၂၃ ခုနှစ် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲကို တခြားပြိုင်ပွဲတွေနဲ့မတူတဲ့ စနစ်နဲ့ကျင်းပသွားမှာဖြစ်ပါတယ်။ အမှတ်ပေးစနစ်နဲ့ သွားမှာဖြစ်ပြီးတော့ ကာလရှည်ယှဉ်ပြိုင်သွားရမှာဖြစ်ပါတယ်။ လက်ရှိ အသင်းခွဲထားမှုအနေနဲ့ အသင်း ၁၂ သင်းရှိပါတယ်။ အခုဆိုရင် ဆီဘက်စတီယန်နဲ့ပါရဲရားတို့လဲ LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်တဲ့အတွက် ပြိုင်ပွဲဟာပိုပြီးတော့ ကောင်းလာတော့မှာဖြစ်ပါတယ်။ LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲမှာ လာရောက်ယှဉ်ပြိုင်ချင်တဲ့ ကစားသမားတွေအတွက်လဲ လမ်းဖွင့်ပေးထားဆဲပါ" ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

AZL

# အယ်ချီနှင့်ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ဘင်ဇီးမား ရာအူးလ်၏ သွင်းဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့

**မက်ဒရစ် ဖေဖော်ဝါရီ ၁၆**

လာလီဂါ အမှတ်ပေးပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အယ်ချီအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်မှူး ဘင်ဇီးမားက အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် လာလီဂါ သွင်းဂိုး ၂၂၉ ဂိုးထိ ရှိလာခဲ့ပြီး အသင်း၏ ဂိုးသွင်းအများဆုံးကစားသမားစာရင်းတွင် ရပ်တည်နေသည့် တိုက်စစ်မှူး ရာအူးလ်၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသည် အယ်ချီအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး တိုက်စစ်မှူး ဘင်ဇီးမားက ပွဲကစားချိန် ၃၀ မိနစ်နှင့် ၄၅ မိနစ်တို့တွင် ပင်နယ်တီမှ တစ်ဆင့်သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် လာလီဂါပြိုင်ပွဲ ၄၂၈ ပွဲတွင် သွင်းဂိုး၂၂၉ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် အသင်း၏ ဒုတိယသွင်းဂိုး အများဆုံးဖြစ်သည့် လာလီဂါသွင်းဂိုး ၂၂၈ ဂိုးထိ သွင်းယူထားသည့် တိုက်စစ်မှူးဟောင်း ရာအူးလ်၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။

တိုက်စစ်မှူးဟောင်း ရာအူးလ်သည် ရီးရဲလ်မက်ဒရစ်အသင်းတွင် လာလီဂါပြိုင်ပွဲပေါင်း ၅၅၀ ကစားခဲ့ရာတွင် သွင်းဂိုး ၂၂၈ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဘင်ဇီးမားက ၄၂၈ ပွဲကစားအပြီးတွင် ရာအူးလ်၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတွင် စီရော်နယ်ဒိုက လာလီဂါသွင်းဂိုး ၃၁၁ ဂိုးဖြင့် ပထမ၊ ဘင်ဇီးမားက ၂၂၉ ဂိုးဖြင့် ဒုတိယ၊ ရာအူးလ်က ၂၂၈ ဂိုးဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။




ရီးရဲလ်မက်ဒရစ် အသင်းအနေဖြင့် အယ်ချီအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သော်လည်း အမှတ်ပေးပွဲ ၂၁ ပွဲကစားပြီးတွင် ရမှတ် ၄၈ မှတ်သာရရှိခဲ့သဖြင့် ရမှတ် ၅၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နေသည့် ဘာစီလိုနာအသင်းနှင့် ရှစ်မှတ်ကွာဟနေသောကြောင့် လာမည့်ပွဲစဉ်များကို အာရုံစိုက်ကစားနိုင်မှသာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ML

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်များ

STA

## ဘိုချမ် Vs ဖရိုင်းဘတ်

**ကစားမည့်ရက်/အချိန် ၁၈-၂-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရိုင်းဘတ် ၁ - ၂ ဘိုချမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုချမ် | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဖရိုင်းဘတ် | - | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

နှစ်ပွဲဆက်နိုင်ပွဲရရှိထားတဲ့ ဖရိုင်းဘတ်အသင်းရဲ့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေသလို ချန်ပီယံလိဂ်ဝင်ခွင့်အတွက်လဲ မျှော်လင့်ချက်ရှိနေလို့ အမှားခံမှာမဟုတ်ပါဘူး။ ဘိုချမ်အသင်းကတော့ နှစ်ပွဲဆက်ရှုံးနိမ့်ထားပြီး လက်ရှိခြေစွမ်းပိုင်းကလဲတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဖရိုင်းဘတ်နဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘိုချမ် ၀ - ၁ ဖရိုင်းဘတ်**

## ဂလာဘတ် Vs ဘိုင်ယန်မြူးနစ်

**ကစားမည့်ရက်/အချိန် ၁၈-၂-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုင်ယန်မြူးနစ် ၁ - ၁ ဂလာဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဘိုင်ယန်မြူးနစ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

ဂလာဘတ်အသင်းဟာ အိမ်ကွင်းမှာ လက်ခံကစားရမှာဆိုပေမဲ့ ဘိုင်ယန်မြူးနစ်အသင်းရဲ့လက်ရှိခြေစွမ်းပိုင်းကြောင့် ပွဲချိန်ပြည့်ထိန်းချုပ်ရခက်မှာပါ။ ဘိုင်ယန်မြူးနစ်အသင်းကလဲ အမှတ်ပေးဇယား ဆက်လက်ဦးဆောင်ဖို့အတွက် နိုင်ပွဲလိုအပ်နေပါတယ်။ ဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်း ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဂလာဘတ် ၀ - ၃ ဘိုင်ယန်မြူးနစ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်များ

STA

## နိုက် Vs ရိမ်း

**ကစားမည့်ရက်/အချိန် ၁၈-၂-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရိမ်း ၀ - ၀ နိုက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နိုက် | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| ရိမ်း | - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

လေးပွဲဆက်နိုင်ပွဲရယူထားတဲ့ နိုက်အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေလို့ အိမ်ကွင်းမှာ ရိမ်းအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ရိမ်းအသင်းရဲ့အဝေးကွင်းခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှန်းကန်နေရပြီး နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဒါကြောင့် နိုက်အသင်းပဲ နိုင်ပွဲဆက်သွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - နိုက် ၃ - ၁ ရိမ်း**

## စထရာဘော့ Vs အန်ဂါ

**ကစားမည့်ရက်/အချိန် ၁၉-၂-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စထရာဘော့ ၀ - ၀ အန်ဂါ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စထရာဘော့ | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| အန်ဂါ | - | ဝေး(သရေ) | အိမ်(သရေ) | အိမ်(သရေ) |

နှစ်သင်းစလုံးတန်းဆင်းဇုန်ထဲရောက်နေလို့ ရမှတ်လိုအပ်နေပါတယ်။ စထရာဘော့အသင်းကတော့ အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိပါတယ်။ လက်ရှိ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး အမှတ်ပေးဇယားအောက်ဆုံးရောက်နေတဲ့အန်ဂါအသင်းရဲ့ခြေစွမ်းပိုင်းက ဆိုးရွားနေပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်ရှိတဲ့ စထရာဘော့ အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - စထရာဘော့ ၁ - ၀ အန်ဂါ**

# ဒေသတွင်း ပြန်လည်ချိတ်ဆက်မှုလိုအပ်လာသော APEC




အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (APEC) ဝန်ကြီးများ၏ ကုန်သွယ်ရေးဆိုင်ရာအစည်းအဝေးကို ယခင်နှစ် မေလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပပြီးစီးခဲ့သည်။ ပွင့်လင်းမှု၊ ချိတ်ဆက်မှု၊ ဟန်ချက်ထိန်းညှိမှုဆိုသည့် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော အစည်းအဝေး၏ ဆွေးနွေးမှုများသည် လွတ်လပ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ နယ်ပယ်အားလုံးတွင် ချိတ်ဆက်မှုများ ပြန်လည်လုပ်ဆောင်ခြင်းနှင့် ဟန်ချက်ထိန်းညှိမှုမြှင့်တင်ခြင်း၊ ကြာရှည်ထိန်းသိမ်းထားမှုနှင့် အားလုံးပါဝင်မှုဆိုသော အကြောင်းအရာသုံးခုပေါ်တွင်သာ အလေးထားခဲ့ကြသည်။ ဝန်ကြီးများသည် ယခုနှစ် နိုဝင်ဘာလတွင် APEC စီးပွားရေးခေါင်းဆောင်များ၏ နှစ်ပတ်လည်အစည်းအဝေးပြုလုပ်သွားရန်လည်း စီစဉ်ထားရှိသည်။

သို့သော် ဝန်ကြီးများသည် အစည်းအဝေးအစီအစဉ် ၂၄ ခုစလုံး၏ ဘုံသဘောတူဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့ခြင်းမရှိပေ။ ထိုသို့ ဘုံသဘောတူညီချက်ဆုံးဖြတ်ချက်ချမှတ်နိုင်မှုမရှိခြင်းသည် APEC လွတ်လပ်သောကုန်သွယ်မှုဇရိယာနှင့် APEC တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အဖွဲ့၏ကြီးမားသောသဘောထားကွဲလွဲချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသောကြောင့် နိုဝင်ဘာလတွင်ပြုလုပ်မည့် APEC ခေါင်းဆောင်များ၏ အစည်းအဝေးကျင်းပနိုင်မှုသည် မသေချာမရေရာ ဖြစ်ပေါ်စေလျက်ရှိသည်။

ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင် အတားအဆီးများလျှော့ချခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန်မှီခိုအားထားမှုမြှင့်တင်ရန်အပြင် နိုင်ငံပေါင်းစုံပါဝင်သော ကုန်သွယ်မှုစနစ်ကို ကျားကန်ထားရန် အရေးပါသောစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ယန္တရားတစ်ခုဖြစ်သည့် APEC ကို ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။ ခေါင်းဆောင်များနှင့် ကုန်သွယ်ရေးဝန်ကြီးများ၏ အစည်းအဝေးများ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာဆောင်ရွက်ခြင်းအပြင် ဒေသတွင်းစီးပွားရေးပေါင်းစပ်ဆောင်ရွက်မှုနှင့် ချိတ်ဆက်မှုကဲ့သို့သော ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကိစ္စများကို ဖြေရှင်းနိုင်ရန်ရည်ရွယ်ထားရှိသည်။ အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးဆိုင်ရာ ခေါင်းစဉ်များကို အလေးထားဖော်ဆောင်ခြင်းအားဖြင့် APEC ၏ လုပ်ငန်းဆောင်တာများကို အလေးထားဖော်ဆောင်သွားမည်ဟု မျှော်မှန်းရသည်။

လက်ရှိအချိန်တွင် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးသည် ကပ်ရောဂါကြောင့် ယိုင်နဲ့နဲ့အခြေအနေတွင်သာ ရှိနေဆဲဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပြန်လည်တည်ဆောက်ခြင်းသည် APEC အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် ဦးစားပေးလုပ်ငန်းပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ဒေသတွင်းနိုင်ငံများ လုပ်ဆောင်ရမည့်အချက်သည် အတူတကွလက်တွဲဆောင်ရွက်ပြီးနောက် အခက်အခဲများကို အတူတကွကျော်လွှားသွားရန်ပင်ဖြစ်သည်။

APEC အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းရှိပြီး ၎င်းတို့၏စုစုပေါင်း GDP သည် ကမ္ဘာ့ GDP စုစုပေါင်း၏ ၅၆ ရာခိုင်နှုန်းထိရှိသည်။ မူဝါဒပိုင်းဆိုင်ရာ သုတေသနပြုလုပ်မှုနှင့် ဆန်းစစ်မှုအဖွဲ့ဖြစ်သော APEC မူဝါဒဆိုင်ရာအထောက်အကူပြုအဖွဲ့၏ ယခင်နှစ် မေ ၂၀ ရက်တွင် ထုတ်ပြန်သောအစီရင်ခံစာအရ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အရောင်းဖြန့်ဖြူးမှုကွင်းဆက် ကမောက်ကမဖြစ်ခြင်းတို့ကြောင့် အာရှ-ပစိဖိတ်ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၂၁ ခုနှစ်တွင် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည်ဟုဆိုသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ကူးစက်ပျံ့နှံ့မှုသည် ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုနှေးကွေးစေခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေးကွင်းဆက်ကို အဖုအထစ်များဖြစ်ပေါ်စေခဲ့သဖြင့် စားနပ်ရိက္ခာနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာစေခဲ့သည်။ အဖွဲ့ဝင် ၂၁ နိုင်ငံရှိသော APEC အဖွဲ့၏ စီးပွားရေးဖောင်းပွမှုသည် ၂၀၂၀ ပြည့်နှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၃ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့သောကြောင့် ဒေသတစ်ခုလုံး၏ စီးပွားရေးသည် စိတ်ပျက်ဖွယ်ရာအခြေအနေဆိုက်ရောက်လာခဲ့သည်။

၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သော စီးပွားရေးခေါင်းဆောင်များ၏အစည်းအဝေး၌ APEC သည် ၂၀၄၀ ပြည့်နှစ်တွင် ပွင့်လင်းလွတ်လပ်ကြံ့ကြံ့ခံနိုင်ပြီး တည်ငြိမ်အေးချမ်းသော အာရှ-ပစိဖိတ်စီးပွားရေးအသိုက်အဝန်းထူထောင်သွားနိုင်ရေး ရည်မှန်းထားသည့် Aotearoa Plan ကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ၎င်းစီမံကိန်းအရ အဖွဲ့ဝင်နိုင်ငံအားလုံးသည် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် အာရှ-ပစိဖိတ်၏ လွတ်လပ်သော ကုန်သွယ်မှုဇရိယာ ဆောလျင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ဆောင်သွားရန်လိုအပ်ပေသည်။

၂၀၂၂ ခုနှစ် အစောပိုင်းကာလတွင် ဒေသတွင်းပြီးပြည့်စုံသောစီးပွားရေးမိတ်ဖက်အဖွဲ့သည် သက်ဝင်လှုပ်ရှားလာခဲ့သည်။ လက်ရှိအချိန်တွင် ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဆက်ဆံရေးဆိုင်ရာ ပြီးပြည့်စုံသောဖွံ့ဖြိုးတိုးတက်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေးမိတ်ဖက်သဘောတူညီချက်တို့တွင် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါယန္တရားများသည် ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုတို့ မြှင့်တင်နိုင်ရေး အရေးပါသောလမ်းကြောင်းများပင်ဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သော APEC စီးပွားရေးခေါင်းဆောင်များ၏အစည်းအဝေး၌ တရုတ်သမ္မတရှီကျင့်ဖျင်က မိမိတို့အနေဖြင့် စစ်မှန်သောနိုင်ငံပေါင်းစုံဝါဒကို အမှန်တကယ်ကျင့်သုံးသွားရန်လိုအပ်ကြောင်း၊ ထိပ်တိုက်ရင်ဆိုင်ခြင်းထက် ဆွေးနွေးညှိနှိုင်းခြင်းကိုစွဲကိုင်ထားသင့်ကြောင်း၊ ကြဉ်ဖယ်ထားခြင်းထက် အားလုံးပါဝင်မှုကို အလေးထားသင့်ကြောင်းနှင့် ခွဲခြားဆက်ဆံသည်ထက် ပေါင်းစပ်ဆောင်ရွက်ခြင်းကို လုပ်ဆောင်သွားရန်လိုအပ်ကြောင်း ထောက်ပြပြောဆိုသွားခဲ့သည်။

ကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုများလျှော့ချခြင်း၊ အုပ်ချုပ်ပံ့ပိုးမှုပစ္စည်းများ စီးဆင်းမှုအရှိန်မြှင့်တင်ခြင်း၊ စွမ်းဆောင်နိုင်မှု၊ လွတ်လပ်မှုနှင့် ကုန်သွယ်မှုအဆင်ပြေချောမွေ့သော ကုန်သွယ်မှုလုပ်ငန်းများရုပ်လုံးပေါ်လာအောင် ဆောင်ရွက်ခြင်းသည် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ကို များစွာအထောက်အကူပြုသွားမည်ဖြစ်ပေသည်။

APEC အဖွဲ့သည် အဖွဲ့ဝင် ၂၁ နိုင်ငံက ဒေသတွင်း ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု စသည့်စီးပွားရေးလွတ်လပ်မှုပိုမိုလာစေရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည့် ဖိုရမ်ဖြစ်ပြီး ၁၉၈၉ ခုနှစ်တွင် အဖွဲ့၏ရည်မှန်းချက်သည် ဒေသတွင်းစီးပွားရေးမြှင့်တင်ရန်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်း၊ ၎င်းတို့၏စုစုပေါင်း GDP သည် ကမ္ဘာ့ GDP စုစုပေါင်း၏ ၅၆ ရာခိုင်နှုန်းနှင့် ကုန်သွယ်ရေးသည် ၄၄ ရာခိုင်နှုန်းခန့်ထိ ရှိသည်။ APEC နှစ်ပတ်လည်အစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများကြား အလှည့်ကျလက်ခံကျင်းပလေ့ရှိသည်။ (၂၉)ကြိမ်မြောက် APEC အစည်းအဝေးကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၈ ရက် မှ ၁၉ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည်။ အကြိမ် (၃၀) မြောက် APEC အစည်းအဝေးကို ၂၀၂၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ ပြုလုပ်သွားမည်ဖြစ်သည်။

**ကိုးကား**

- **APEC Must Step Up Regional Reconnection by Beijing Review.**

**မောင်စိန်အိ(နဘဲမြေ)**

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၉၅၀၂၈ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၉၅၀၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၉၀၀၂၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ဖေဖော်ဝါရီ ၁၅ ရက်ထိ ပဲမျိုးစုံသီးနှံ ၉၅၀၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ဧက ၅၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် ဆောင်းရာသီ ပဲမျိုးစုံသီးနှံဧက ၉၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားခဲ့ပြီး ဧက ၉၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုအနေနဲ့ ဒီနှစ်ဆောင်းရာသီမှာ လျာထားချက်ထက် ဧက ၅၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။


ကန့်ဘလူမြို့နယ်တွင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၂၂၂၁၄ ဧက၊ မတ်ပဲ ၃၈၅၄၄၊ ပဲကြီး ၁၇၁ ဧက၊ ပဲလွန်း ၂၃၉၅ ဧက၊ ကုလားပဲ ၆၈၅၉ ဧက၊ စားတော်ပဲ ၉၈၉၇ ဧက၊ စွန်တာပြာ ၇၂၁၉ ဧက၊ စွန်တာနီ ၁၃၉၃ ဧက၊ ထောပတ်ပဲ ၃၇၉၇ ဧက၊ အခြားပဲ ၂၅၃၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်ရှိ ပဲမျိုးစုံသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာများ၊ စနစ်တကျ သုံးစွဲတတ်စေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



# Myanmar-Russia Friendship and Cooperation Forum held in commemoration of 75th Anniversary Diplomatic Relations between the two; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address






Senior General Min Aung Hlaing watches Myanmar-Russia friendship video clip.

**Nay Pyi Taw February 16**

Myanmar-Russia Friendship and Cooperation Forum was held in commemoration of the 75th Anniversary of Diplomatic Relations between Republic of Union of Myanmar and Russian Federation at Myanmar International Convention Center-2 in Nay Pyi Taw today, with an address by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Present together with the Senior General were SAC members, Union ministers, senior military officers from Office of Commander-in-Chief, Ambassador of Russian Federation to Myanmar H.E. Mr. Nikolay LISTOPADOV and members, officials of Russian embassy in Myanmar and Russia-Myanmar Friendship and Cooperation Association, resources persons, facility members of universities, students and distinguished guests.

First, the Senior General, the Russian ambassador and party arrived at MICC-2 and viewed Russian-Myanmar friendship commemorative video clips and documentary photos.

Vocalists of Myanma Radio and TV opened the ceremony with the song **We are going to open a new chapter in history**. Then a video on Myanmar-Russia friendship throughout the successive eras was shown.



Senior General Min Aung Hlaing delivers address at Myanmar-Russia Friendship and Cooperation Forum.



SAC Chairman Prime Minister Senior General Min Aung Hlaing and Ambassador H.E. Mr. Nikolay LISTOPADOV view documentary photos.

In his 75th anniversary commemorative speech, the Senior General said the enhancement of Myanmar-Russia friendship and multiple sector cooperation is the goal of the forum. Myanmar-Russian diplomatic relations will reach its 75th anniversary on 18 February 2023.The friendship between the two countries was ever strong throughout the past successive periods. It has been further enhanced and military cooperation has been promoted since the SAC government assumed responsibilities. The two countries have further promoted many other areas of cooperation apart from trade, science and technology and defence. Russia and Myanmar will continue their cooperation as perpetual friends and partners. They will enhance their cooperation in extending Russian-Myanmar friendship associations, exchange of government and military goodwill visits, trade, economy, tourism, religious affairs and culture, civilian and military scholarship programs, human resources development, humanitarian affairs, and promoting international and regional relations.

History stands witness to the ever closer Russia-Myanmar friendly relations based on mutual understanding, economic opportunities and strategic considerations despite the geographical distance caused by continents and oceans.

Russia is the sixth earliest country to establish diplomatic relations with Myanmar. It has set up diplomatic relations with Myanmar since the latter

*See Page 12*



Resource persons take part in the Forum.

*From Page 11*

regained independence in 1948. So, there is a firm bilateral friendship between them.

The Independence Declaration of Republic of Union of Myanmar 1948 said **that all must be firmly loyal to independence and the State till the end of the world; that as an independent country, it would protect and observe fair ethics of all independent global nations; that as the entire nation cherished their independence, they would respect others independence; that as the country wished peace, it would join hands with like-minded ones to safeguard world peace; that let the world heard the country's declaration.**

The Declaration indicates that citizens of Myanmar are the people who respect, love and value their country's independence, place emphasis on peace, and have the will to protect global peace.

Nowadays, some powerful countries interfere in internal affairs of small countries for various reasons so as to cause deterioration and disintegration in unity with the use of various ways and means. On one hand, they pose pressure and intimidation, bullying and discrimination on small countries based on different concepts.

Especially, it is regrettable that those countries are constantly posing pressure and coercion on geopolitically important Myanmar so as to shape its situation as they like and in order to widen its influence, committing criticism, imposing sanctions and interfering in internal affairs.

Hence, the Senior General expressed his thanks to the Russian leaders and citizens for their standing with Myanmar as a good friend in order to overcome challenges based on negative views and attampts of utter devastation being committed by some big countries.



Union Minister U Maung Maung Ohn gives concluding remarks.

Myanmar pledges to constantly focus on enhancement of friendly relations and cooperation with Russia. Myanmar will hold Russia in high regard for good friend and for booming the interests of both countries in all aspects, and efforts will be made for friendly relations between the peoples of both countries.

Currently, the world urgently needs peace, stability and development of socio-economic life. These cannot stand separately but rely on one another. Stability cannot be restored without peace and development undertakings cannot be done without peace. As such, it is necessary to strive for strengthening the international relations without fail for fulfilling these requirements.

On the other hand, a country or a people cooperates with each oher in the international arenas can they do peace, stability and development.

As Myanmar, a developing country, is initially exercising the democratic system, actively cooperates with regional organizations including the UN and global countries despite facing many challenges. Especially, Myanmar from the time of members of the UN till today has been upholding the coperation with the UN as a foundation of foreign policy Myanmar expects the UN would help the global countries emerge a prosperous global community with peace, harmony and justice.

However, all need to take care of attempts of some powerful countries to influence over small countries with the one-sided dogmatism and different political system through various ways and means. As the worst attempt, it is regrettable that they try hard to interfere in internal affairs of sovereign countries by means of democracy and human rights.

In such situation, countries need to follow the principles on mutual respect to sovereignty and understanding and no interference in internal affairs of other countries. Whatever it may be, Myanmar, being a member of ASEAN, will strive for political peace and stability while fully participating in regional peace and stability and development in line with the stance of the ASEAN.

Myanmar is strategic in geopolitics for its location in the Southeast Asian region. The northern part of the nation is filled with snow-capped mountains, the central area endowed with cultivable lands and the southern part, blessed with the sea and islands, seen as the beautiful natural environment and climatic conditions with food and natural minerals.

Efficiently utilizing the land, soil and weathers and natural environments, all are to harmoniously strive for development of the nation and socio-economic development of the citizens. The government is building the better country and socio-economic life focusing on interests of the nation and the people in line with the motto: Keep Moving Forward to Achieve Our Goal.

In so doing, it is necessary to seek the ways which can be practically used for serving interests of the entire people. As Myanmar is blessed with the good opportunities, encouragements must be given to improvement of domestic businesses and manufacturing. As human resource is playing a key role in this measure, *See Page 13*


Youngsters come to the Forum to seek knowledge.

# Japan offers to purchase gold ornaments from Myanmar goldsmiths



Gold ornaments displayed for sale.

**Yangon February 16**

Chairman of Yangon Region Gold Entrepreneurs Association U Myo Myint said that Myanmar goldsmiths plan to resume their operations due to offer of Japan to purchase gold ornaments.

In the past, purchasers from Japan came to Myanmar to choose the ornaments as they like as part of aviation exportation system. Now, both sides plan to resume the businesses similar to the past event.

“Before Covid-19 pandemic, we have traded with Japan. But it was halted due to outbreak of Covid-19. Currently, it is expected to resume the aviation exportation service for trading the gold ornaments. They will come here to choose the gold works in the market and purchase them. Now, rules and regulations are under negotiation among relevant ministries,” said U Myo Myint.

Currently, Japanese customers express their preference to purchase tiger, elephant, horse and other statues made of gold in addition to gold ornaments.

At present, price of gold sets at around K2.8 million per tical in the domestic market. ASH

# Open tender invited to businesspersons for upgrading Hanthayawy railway station on Yangon circular railroad

**Yangon February 16**

The Ministry of Transport and Communications stated that the open tender will be extended to businesspersons for upgrading Hanthawady railway station on Yangon circular railroad as from 2016-17 fiscal year.

Myanma Railways is implementing the projects to upgrade its facilities for giving better services to the peope.

In this regard, the upgrade projects comprise maintenance of the rail tracks, overpasses, railway stations and fencing the station yards.

During the period, Myanma Railways decided to build new railway stations for Thamaing, Gyogon, Hanthawady and Shanlan stations.

Among them, the open tender will be extended to businesspersons for upgrading of Hanthawady railway station.

Tender proposals are being sold at the supply department of Myanma Railways at the corner of Merchant Street and 51st street in Botahtaung Township as from 8 February, and tender proposals must be submitted not later than 2 pm on 22 February 2023. For further information, dial 01-294352 and 291934.

Moreover, Myanma Railways is undertaking upgrading of the railway stations and station yards along Yangon circular railroad meeting the international standards. It aims to emerge shops for creation of job opportunities of the local people. 336

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Sugar trade booms in Mandalay market, fetching K2,830 per viss on 12 February

**Mandalay February 16**

Trading of sugar resurges in the Mandalay market. On 12 February 2023, sugar trading fetched K2,830 per viss, said U Win Htay, vice-chair of Myanmar Sugar and Sugarcane Products Entrepreneurs Association (Manalay Region).

Trading of sugar flowed in the domestic market as usual. As from the second week of February, the Mandalay market handles trading of sugar at good price under the high demand.

“In the Mandalay market, anyone does not face shortage of stocks. Currently, number of purchasers come to Mandalay Market, so inventory of sugar declines in the market, prices of sugar skyrocket,” said the vicechair.

In the last week of January, sugar was traded at K2,650 per viss. As trading of sugar bounced again, prices of sugar was set at K2,830 per viss on 12 February.

“Prices of sugar depend on the moves of market but its prices do not escalate in the market,” said the vice-chair.

Mandalay, Sagaing, Bago and Yangon regions produce quality sugar to the domestic market. 184

*From Page 12*

cooperation with Russian Federation focuses on development of human resources and academic matters.

All are urged to play their respective roles in bilateral cooperation with Russia in the areas of bilateral contacts, trade, global tourism, culture, sports and others.

Since I invited required investments in Myanmar during my visits to Russia, we can now see the beginning of such investments and I believe there will be more. My government is ready to cooperate with any country, organization or individuals wishing to serve the interests of Myanmar.

Since regaining independence, our country has been exercising the five principles of peaceful coexistence and the active and non-allied foreign policy. We always anticipate global peace and friendly relations among the global countries.

I reiterate our special thanks to the international organizations, countries including Russia and individuals for their cooperation with us by understanding Myanmar’s prevailing conditions despite pressure, criticisms and blame throughout our tenure.

I appreciate today’s forum as the topics to be discussed and the participants will focus on promoting Russia-Myanmar friendship and opportunities, outlooks and means to cooperate in various sectors. Therefore, all those in attendance are urged to actively participate. All in all, **I wish the already longstanding Russia-Myanmar friendship perpetual and the Russia-Myanmar culture and both countries a greater progress.**

Next, the Russian ambassador expressed his thanks for having the opportunity to speak at the anniversary. He said it is heartening to see the documentary photos on the bilateral friendship and cooperation in successive eras. Efforts are being made to promote the bilateral friendship and investment. Cooperation is also being strengthened in education, human resource development, sport and health sectors. The cooperation in peaceful use of nuclear energy has started. The Russian Federation always want to see peace, stability and development in Myanmar and it will increase cooperation.

Then, the Senior General and party enjoyed performances of the vocalists from Myawady music band under the Directorate of Public Relations and Psychological Warfare with a Russian song Rossiya Vperod.

The Senior General, the Russian ambassador and those in attendance posed for a documentary photo. Then, the Senior General and party left the ceremony.

According to the agenda, presiding chair U Ko Ko, U Khin Maung Zaw, Dr Naing Swe Oo and U Kyaw Lin Oo discussed the topic of “The current Myanmar-Russia relations and their continued journey”, and held a question and answer session. In the afternoon, presiding chair U Ko Ko, Dr Nanda Mon, Dr Maung Thin and U Ye Min Aung discussed the topic of “Myanmar-Russia relations and benefits for Myanmar’s socio-economy, and held a question and answer session.

Later, the discussions were reviewed and the Union information minister made a concluding remark. The vocalists from Myanmar band sang Nadejda song. 100

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ပိုလန်နိုင်ငံတွင် ယူကရိန်းတပ်ဖွဲ့ဝင်များ Leopard တင့်ကားနှင့်ပတ်သက်ပြီး လေ့ကျင့်သင်ကြားနေ



ရှေ့တန်းမှ ပိုလန်စစ်အခြေစိုက်စခန်းသို့ ဖေဖော်ဝါရီ ၁၃ ရက်က ရောက်ရှိလာသော ယူကရိန်းတပ်ဖွဲ့ဝင်များသည် Leopard တင့်ကားများနှင့်ပတ်သက်၍ မဟာမိတ်နိုင်ငံများက ပို့ချသောသင်တန်းကို တက်ရောက် လေ့ကျင့်သင်ကြားလျက်ရှိကြောင်း သိရသည်။

Leopard တိုက်ပွဲဝင်တင့်ကားသည် အလွန်အရည်အသွေးမြင့်မားပြီး ကောင်းမွန်ကြောင်း ယူကရိန်းစစ်ဘက်မှ ဗိုလ်မှူး Vadym Khodak က ပိုလန်နိုင်ငံအနောက်တောင်ပိုင်း Swietoszow ရွာရှိ လေ့ကျင့်ရေးမြေပွဲသို့ သတင်းရယူနေသည့် သတင်းထောက်များကို ပြောကြားခဲ့သည်။

"ကျွန်တော်တို့စစ်သားတွေက Leopard ကို တအားကြိုက်ပါတယ်"ဟု ပိုလန်၊ ကနေဒါနှင့် နော်ဝေနိုင်ငံတို့မှ သင်တန်းပို့ချသူနည်းပြများထံမှ သင်တန်းတက်ရောက်သင်ယူနေသည့် ယူကရိန်းတပ်ဖွဲ့ ၁၀၅ ဦးလည်းကြိုက်ကြကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

မကြာသေးမီက ဂျာမနီနိုင်ငံသည် ယူကရိန်းနှင့် အခြားနိုင်ငံများ၏မနားမနေကြိုးပမ်းမှုများကြောင့် ခေတ်မီဂျာမနီထုတ် တင့်ကားများကို ယူကရိန်းသို့ ပို့ဆောင်ရန် ခွင့်ပြုခဲ့သည်။ ပြီးခဲ့သည့်တစ်ပတ်က ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius က ဘာလင်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများက ဧပြီလတွင် ပထမဆုံးတင့်ကားတပ်ရင်းတစ်ရင်းစာပေးပို့ရန် ရည်ရွယ်ထားကြောင်း၊ အခြားကျန်တင့်ကားများကို ယခုနှစ်နှောင်းပိုင်းနှင့် လာမည့်နှစ် နှောင်းပိုင်းတွင် ပို့ဆောင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

တင့်ကားများသည် ယူကရိန်းစစ်ဘက်အတွက် ကြီးမားသောအထောက်အပံ့ဖြစ်လိမ့်မည်ဟု Khodak က ပြောကြားခဲ့သည်။ "ဒီပစ္စည်းတွေနဲ့ ရှေ့တန်းကိုရောက်တဲ့အခါ ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေရဲ့ အသက်တွေကို အများကြီးကယ်တင်ပြီး အောင်ပွဲရဖို့ ပိုနီးစပ်လာမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်"ဟု Khodak က ထပ်လောင်းပြောကြားခဲ့သည်။

ပိုလန်နိုင်ငံ Swietoszow ရှိ လေ့ကျင့်ရေးသရုပ်ပြပွဲကိုတက်ရောက်ခဲ့သည့် ပိုလန်သမ္မတ Andrzej Duda က ရုရှား၏ကျူးကျော်မှုကို တိုက်ထုတ်နေသည့် ယူကရိန်းတပ်ဖွဲ့ဝင်များကို ချီးကျူးဂုဏ်ပြုခဲ့သည်။ "ယူကရိန်းကနေ အလွန်အတွေ့အကြုံရှိတဲ့ တင့်ကားမောင်းသူတွေရောက်လာတာပဲ။ သူတို့ရဲ့ မျက်နှာတွေကိုကြည့်ရုံနဲ့ ဒီလူတွေဟာ ကြောက်စရာကောင်းတဲ့အရာတွေကို ဖြတ်သန်းခဲ့ကြပေမဲ့ သူတို့ရဲ့မွေးရပ်မြေကို ကာကွယ်ဖို့ လုံးဝစိတ်ပိုင်းဖြတ်ထားတယ်ဆိုတာ တွေ့မြင်ရပါတယ်" ဟု Duda က ဆက်လက်ပြောကြားခဲ့သည်။

သရုပ်ပြနေစဉ်အတွင်း တပ်ဖွဲ့ဝင်တချို့သည် Leopard တင့်ကားများပေါ်သို့တက်ခဲ့ကြသော်လည်း ယခုအချိန်ထိ ၎င်းတို့သည် Simulators များနှင့် သီအိုရီပိုင်းကို လေ့ကျင့်နေကြဆဲဖြစ်သည်။

လေ့ကျင့်မှုသည် ပုံမှန်အားဖြင့် နှစ်လကြာမြင့်သော်လည်း သင်ခန်းစာအကြောင်းအရာနှင့် အချိန်ကာလနာရီအရေအတွက်မှာ ပြောင်းလဲခြင်းမရှိသည့်အတွက် ယူကရိန်းတပ်ဖွဲ့များသည် တစ်လအတွင်း အပြင်းအထန်လေ့ကျင့် သင်တန်းတက်ရောက်ရမည်ကြောင်း သိရသည်။

တစ်ရက်လျှင် ၁၀ နာရီမှ ၁၂ နာရီထိ လေ့ကျင့်ပေးကြောင်း ပိုလန်နည်းပြ Krzysztof Sieradzki က သတင်းထောက်များကိုပြောကြားခဲ့သည်။ လက်ရှိလေ့ကျင့်မှုတွင် တပ်ဖွဲ့ဝင် လေးဦးပါ ၂၁ ဖွဲ့တက်ရောက်နေကြောင်း ၎င်းကပြောပြသည်။ နည်းပညာဆိုင်ရာတပ်ဖွဲ့ဝင်များကိုပေါင်းထည့်လိုက်သည်နှင့် ပိုလန်နှင့် ကနေဒါနိုင်ငံတို့က ပံ့ပိုးပေးမည့် တင့်ကားများနှင့်ရင်းနှီးသည့် တပ်ဖွဲ့ဝင်စုစုပေါင်း ၁၀၅ ဦး သင်တန်းတက်ရောက်လျက်ရှိသည်။

တည်ဆောက်ထားပုံ ရိုးရှင်းမှုနှင့် တပ်ဖွဲ့ဝင်များအတွက် အခန်းများသက်သောင့်သက်သာရှိမှုနှင့် အံ့ဝင်ခွင်ကျစီစဉ်ဖွဲ့စည်းထားမှုများကြောင့် ယူကရိန်းတပ်ဖွဲ့ဝင်များသည် အံ့အားသင့်နေကြသည်ဟု Sieradzki က ပြောကြားခဲ့သည်။

"သူတို့ကိုတွန်းအားပေးစရာမလိုပါဘူး။ တစ်ခုခုဆိုရင် သူတို့ရဲ့စိတ်အားထက်သန်မှုကို ဘရိတ်အုပ်ထားရတာပါ"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရှေ့တွင်အဓိကစိန်ခေါ်မှုမှာ တင့်ကားများအတွက် အပိုပစ္စည်းများကို ရှာဖွေရန်ဖြစ်ကြောင်း ပိုလန်နိုင်ငံကာကွယ်ရေးဝန်ကြီး Mariusz Blaszczak က ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍ ဖေဖော်ဝါရီလ ၁၄ ရက်က Brussels မြို့၌ ပြုလုပ်မည့် ဆွေးနွေးပွဲတွင် ဂျာမနီကာကွယ်ရေးဝန်ကြီး Pistorius နှင့် ထိုကိစ္စကို ဖြေရှင်းနိုင်ရန် မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Ukraine Troops Train on Leopard Tanks in Poland ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနှင့် CIS အဖွဲ့ဝင်နိုင်ငံတို့တွင် တိုက်ခိုက်မှုများပြုလုပ်ရန် အမေရိကန်နိုင်ငံက IS များကို စုဆောင်းနေ



ရုရှားနှင့် CIS နိုင်ငံများ၏ပိုင်နက်နယ်မြေများအတွင်း တိုက်ခိုက်မှုများလုပ်ဆောင်ရန် အမေရိကန်နိုင်ငံက ဂျီဟတ်ဝါဒီအကြမ်းဖက်တိုက်ခိုက်ရေးသမား(IS)များကို စုဆောင်းနေကြောင်း ရုရှားနိုင်ငံခြားထောက်လှမ်းရေးဌာန (SVR)၏သတင်းဗျူရိုက TASS သတင်းဌာနသို့ ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားထောက်လှမ်းရေးဌာနကရရှိသည့် ယုံကြည်လောက်သောအချက်အလက်များအရ အမေရိကန်စစ်ဘက်သည် အစ္စလာမ့်နိုင်ငံတော် ISအကြမ်းဖက်အဖွဲ့အစည်းနှင့် အယ်လ်ကေးဒါးအဖွဲ့တို့မှ စစ်သွေးကြွများကို ရုရှားနှင့်လွတ်လပ်သောနေသဟာယနိုင်ငံအဖွဲ့(CIS)တွင် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် စုဆောင်းနေသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အရှေ့အလယ်ပိုင်းတွင် တိုက်ခိုက်ရေး အတွေ့အကြုံရှိသည့် အကြမ်းဖက်သမား ၆၀ ကို ယခုနှစ် ဇန်နဝါရီလတွင် ရွေးချယ်ခဲ့သည်။

SVR ၏အဆိုအရ ၎င်းတို့ကို ဆီးရီးယားနိုင်ငံ Al-Tanfရှိ အမေရိကန်အခြေစိုက်စခန်းတွင် အမြန်ဖြတ်လမ်းနည်း (Fast-track)ဖြင့် လေ့ကျင့်ရေးသင်တန်းပေးလျက်ရှိပြီး ၎င်းတို့ကို ဖောက်ခွဲရေးပစ္စည်းများပြုလုပ်ပုံနှင့် အသုံးပြုနည်းများသင်ကြားပေးနေသည့်အပြင် အဖျက်သမားနည်းလမ်းများကိုလည်း သင်ကြားပေးလျက်ရှိသည်။

နိုင်ငံခြားသံတမန်တာဝန်များ အပါအဝင် အစောင့်အကြပ်ထူထပ်စွာချထားသော အခြေခံအဆောက်အအုံများကိုပါ တိုက်ခိုက်ရန် စီစဉ်ခြင်းအတွက်ပါ အထူးအလေးပေး ဆောင်ရွက်လျက်ကြောင်း ရုရှားနိုင်ငံ နိုင်ငံခြားထောက်လှမ်းရေးဌာန (SVR )က ပြောကြားခဲ့သည်။

အမေရိကန်သည် အကြမ်းဖက်အဖွဲ့ငယ်များ ကနဦးစေလွှတ်သွားရန် စီစဉ်နေကြောင်း SVR က အလေးပေးပြောကြားခဲ့သည်။ "မဝေးတော့တဲ့ အနာဂတ်မှာ ရုရှားနဲ့ CIS နိုင်ငံတွေရဲ့ ပိုင်နက်ထဲကိုအုပ်စုငယ်တွေနဲ့ စစ်သွေးကြွတွေကို ဖြန့်ကြက်ဖို့အစီအစဉ်ရှိပါတယ်။ သံတမန်များ၊ အရပ်ဘက်ဝန်ထမ်းများ၊ ဥပဒေစိုးမိုးရေးအေးဂျင့်များနှင့် စစ်မှုထမ်းများကို အကြမ်းဖက်တိုက်ခိုက်ဖို့၊ ကြံစည်ဆောင်ရွက်ဖို့ တာဝန်ပေးအပ်ခြင်းခံရမယ်" ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်၏ကြံစည်မှုအရ ၎င်းတို့သည် Hizbut- Tahrir၊Jamaat An-sarullah နှင့် Uzbekistan အစ္စလာမ့်လှုပ်ရှားမှုကဲ့သို့သော နိုင်ငံတကာရှိ အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံမြောက်ပိုင်း ကော့ကေးဆပ်နှင့် ဗဟိုအာရှဒေသတို့မှ ဒေသခံများ၏ ပါဝင်ပတ်သက်မှုကို အထူးအာရုံစိုက်ထားကြောင်း SVR မှအစီရင်ခံတင်ပြခဲ့သည်။ ထိုအရာအားလုံးသည် အမေရိကန်နိုင်ငံ လုံခြုံရေးဝန်ဆောင်မှုများတွင် ကိုယ်ကျင့်တရားဆိုင်ရာအခြေခံမှုများ လုံးဝဆုံးရှုံးခြင်းကိုသက်သေပြနေသည်။ "ရုရှားကို ဖျက်ဆီးဖို့ ရူးသွပ်တဲ့အတွေးအမြင်ရှိနေသော အမေရိကန်ရဲ့ ကျွမ်းကျင်သူတွေကအကြမ်းဖက်သမားတွေကို သူတို့ရဲ့ညစ်ပတ်တဲ့ ရည်ရွယ်ချက်အတွက် တိုက်ရိုက်အသုံးပြုတယ်လို့ယူဆပါတယ်။ ဒီလိုလုပ်ရပ်တွေက အမေရိကန်ကို နိုင်ငံတကာအကြမ်းဖက်အဖွဲ့တွေနဲ့ တန်းတူဖြစ်စေတယ်"ဟု SVR က သုံးသပ်ပြောကြားသွားခဲ့သည်။

**US recruiting IS jihadists for terrorist attacks in Russia and CIS, says intel agency ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းများကို ပုဂ္ဂလိကကဏ္ဍက ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပသို့ သတ္တုတွင်းထွက် ပစ္စည်းများကို ပုဂ္ဂလိကကဏ္ဍက ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပို့ကုန်များ တင်ပို့ရောင်းချပေးရာတွင် လယ်ယာထွက်ကုန် ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန် ပစ္စည်းများ၊ ရေထွက်ပို့ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချော ပစ္စည်းများနှင့် အခြားပို့ကုန်ပစ္စည်းများဟူ၍ အုပ်စုခုနစ်ခုခွဲခြားတင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

သတ္တုတွင်းထွက်ပစ္စည်းများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ နိုင်ငံတော်ကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍက တင်ပို့ရောင်းချပေးနေခြင်း ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီလကုန်ထိ ၁၀ လတာကာလအတွင်း သတ္တုတွင်းထွက်ပစ္စည်းများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် အမေရိကန်ဒေါ်လာ ၂၈၉ ဒသမ ၈၂၀ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် နိုင်ငံတော်ကဏ္ဍက အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၉၇ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ပြီး ပုဂ္ဂလိကကဏ္ဍက အမေရိကန်ဒေါ်လာ ၂၆၉ ဒသမ ၁၂၄ သန်းဖိုးထိ တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ထို့ကြောင့် ယခုဘဏ္ဍာနှစ် အဆိုပါကာလအတွင်း၌ သတ္တုတွင်းထွက်ပစ္စည်းများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာ ၂၄၈ ဒသမ ၄၂၇ သန်းဖိုး ပိုမိုတင်ပို့ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

သတ္တုတွင်းထွက်ပစ္စည်းများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် ရွှေ၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာ၊ ပုလဲ၊ စိန်၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးနှင့် အခြားတွင်းထွက်ပစ္စည်းအမျိုးမျိုးကို တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ သတင်းများအရ သိရသည်။

SKL

# ကွတ်ခိုင်မြို့နယ် မုံးစီး-မုံးပေါ်လေး-ဝေါ်ခြုံလမ်းတွင် ဖြန့်ကျောက်ခင်းနေမှုလုပ်ငန်းစစ်ဆေး

**ကွတ်ခိုင် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွတ်ခိုင်မြို့နယ် မုံးစီး-မုံးပေါ်လေး-ဝေါ်ခြုံလမ်းတွင် ဖြန့်ကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက ကွတ်ခိုင်မြို့နယ် မုံးစီး-မုံးပေါ်လေး-ဝေါ်ခြုံလမ်းတွင် ဖြန့်ကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွတ်ခိုင်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန့်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကွတ်ခိုင်မြို့နယ် မုံးစီး-မုံးပေါ်လေး-ဝေါ်ခြုံ လမ်းတွင် အရှည် ခြောက်မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ဖြန့်ကျောက်ခင်းခြင်း လုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၆၈ ဒသမ ၇၅၄ သန်းဖြင့်တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဖြန့်ကျောက်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကွတ်ခိုင်မြို့နယ်မှတစ်ဆင့် အခြားမြို့နယ်များသို့ အဆင်ပြေချောမွေ့စွာဖြင့် သွားလာအသုံးပြုနိုင်မည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# မလှိုင်မြို့နယ် သရက်ကန်ကျေးရွာ၌ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်သင်တန်းဖွင့်

**မလှိုင် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်သင်တန်း(GAHP) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက သရက်ကန်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် သင်တန်း (GAHP) ဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ တင်စိုးနိုင်က သင်တန်းတွင်ပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သရက်ကန်ကျေးရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၅၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆိတ်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ နွားမွေးမြူရေးစသည့်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် နည်းစနစ်ကျစွာမွေးမြူနိုင်ရန်အတွက် မလှိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများက ဖေဖော်ဝါရီ ၁၅ ရက်မှ ယနေ့ထိ နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီးဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၆-၂-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၃၈၀၀၀ |
| **(ရွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဖြဲ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၈၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

စာမျက်နှာ ၁၇ မှအဆက်




(၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုအထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် သဘာပတိ ဦးကိုကို ဦးဆောင်၍ အမေးအဖြေကဏ္ဍများပြုလုပ်ကြစဉ်။

ယုံကြည်မျှော်လင့်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

သို့သော် အင်အားကြီးကမ္ဘာ့နိုင်ငံအချို့သည် နိုင်ငံငယ်များအပေါ် တစ်ဖက်သတ်ဝါဒစွဲဖြင့် မတူညီသည့်နိုင်ငံရေးစနစ်ဖြင့် အတွေးအခေါ်များအပေါ် လွှမ်းမိုးထိန်းချုပ်နိုင်ရန် နည်းလမ်းမျိုးစုံနှင့် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေကြသည် ကိုလည်း အားလုံးက သတိပြုကြရန် လိုအပ်ပါကြောင်း၊ အဆိုးဆုံးမှာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အကြောင်းပြ၍ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြယ်လှယ်လိုမှုများကို စိတ်မကောင်းဖွယ် တွေ့မြင်နေရပါကြောင်း။

ယခုကဲ့သို့သော အခြေအနေတွင် နိုင်ငံများအနေဖြင့် အချုပ်အခြာအာဏာကိုအပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုနှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်မစွက်ဖက်ရေးတို့ကို လေးစားလိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့နိုင်ငံအနေဖြင့် တစ်ဖက်က နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အာဆီယံ၏ သဘောထားရပ်တည်ချက်များအတိုင်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြည့်အဝပါဝင်ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှဒေသ၏ အချက်အချာနေရာတွင် တည်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအရ အရေးပါသည့်နိုင်ငံဖြစ်ပါကြောင်း၊ မြောက်ပိုင်းဒေသတွင် နှင်းဖုံးသည့်တောင်တန်းကြီးများ၊ အလယ်ပိုင်းတွင် ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေပြန့်လွင်ပြင်များနှင့် တောင်ဘက်ပိုင်းတွင် ပင်လယ်ပြင်နှင့်ကျွန်းစုများရှိသည့်အတွက် ရေမြေရာသီဥတုလွန်စွာသာယာလှပသကဲ့သို့ စားရေရိက္ခာနှင့် သဘာဝတွင်းထွက်ပစ္စည်းများထွက်ရှိသည့်အတွက် သဘာဝကဖန်တီးပေးထားသည့် တန်ဖိုးမဖြတ်နိုင်သောနိုင်ငံတော်ကြီးဖြစ်ပါကြောင်း။

ယခုကဲ့သို့ တန်ဖိုးရှိသည့် ရေမြေရာသီဥတုနှင့် သဘာဝတရားများကို အကျိုးရှိစွာအသုံးချပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့အကျိုး၊ တိုင်းရင်းသား ပြည်သူတို့၏ အကျိုးကိုရှေးရှုပြီး **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"**ဟူသည့်ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝကို တည်ဆောက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးအကျိုးကိုရှေးရှုပြီး လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရှာဖွေကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှပေးထားသည့် အခွင့်အလမ်းကောင်းများစွာရှိပြီးသားဖြစ်သည့်အတွက် ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့အတွက် အားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်သည့်အခါတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို အဓိကထားပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များအဖြစ် နှစ်နိုင်ငံကူးလူးဆက်ဆံရေး၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍများ၊ ယဉ်ကျေးမှုနှင့် အားကစားဆိုင်ရာကဏ္ဍများအပြင် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည့်အတွက် မိမိတို့ကျရာကဏ္ဍမှ အတူတကွ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိအနေဖြင့် ရုရှားနိုင်ငံခရီးစဉ်များတွင် မြန်မာနိုင်ငံတွင် လိုအပ်သည့် ရင်းနှီးမြှုပ်နှံ မှုများပြုလုပ်ပေးကြရန် ဖိတ်ခေါ်ခဲ့ခြင်းကြောင့် အခုအချိန်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကိုတွေ့ရပြီး မကြာခင် ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏အကျိုးကို လိုလားသည့် မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိသည်ကိုလည်း အသိပေးပြောကြားလိုပါကြောင်း။

**မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးကာလကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို အစဉ်တစိုက်လက်ခံကျင့်သုံး ဆောင်ရွက်နေသကဲ့သို့ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိ**ပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အစိုးရ သက်တမ်းကာလတွင် အမျိုးမျိုးသောဖိအားများ၊ ဝေဖန်မှုများ၊ ဖြစ်တင်မှုများကြားက မြန်မာနိုင်ငံ၏ ပကတိအခြေအနေများအပေါ် နားလည်သဘောပေါက်ပြီး ပူးပေါင်းကူညီဆောင်ရွက်ပေးသည့် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာအဖွဲ့အစည်း များ၊ နိုင်ငံများနှင့် လူပုဂ္ဂိုလ်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း။

ယနေ့ဖိုရမ်တွင် ဆွေးနွေးကြမည့်အကြောင်းအရာများ၊ ဆွေးနွေးမည့်ပုဂ္ဂိုလ်များသည် ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ အတွေးအမြင်များ၊ နည်းလမ်းများရှာဖွေဆွေးနွေးကြမည်ဖြစ်သဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် တက်ရောက်လာသူအားလုံးက တက်ကြွစွာပါဝင်ဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ **သမိုင်းကြောင်းအရ နှစ်ပေါင်းများစွာ ဖြစ်တည်ရှည်ကြာခဲ့သည့် ရုရှား-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ကြာတည်တံ့ပါစေ၊ ရုရှား-မြန်မာ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ပါစေ၊ ရုရှား-မြန်မာ နှစ်ပြည်ထောင် တိုးတက်ဖွံ့ဖြိုးပါစေ**ဟု ဆုတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ပြောကြားရာတွင် ယနေ့မိမိတို့ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား (၇၅)နှစ်မြောက် သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ်အဖြစ်ပြုလုပ်သည့် အခမ်းအနားတွင် အမှာစကား ပြောကြားခွင့်ရသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း၊ ခေတ်အဆက်ဆက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို တွေ့မြင်ရသည့်အတွက်လည်း ဝမ်းမြောက်ပီတိဖြစ်မိပါကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးနယ်ပယ်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုခြင်းဆိုင်ရာများတွင်လည်း ပူးပေါင်းဆောင်ရွက်ရေးလမ်းစကို အစပျိုးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မိမိတို့ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် အစဉ်အမြဲလိုလားပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များ၏ Rossiya Vperod ရုရှားတေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ အခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် အခမ်းအနားကိုအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြရာ **"မြန်မာ-ရုရှား ဆက်ဆံရေးမျက်မှောက်နှင့် အနာဂတ်ခရီး"**ခေါင်းစဉ်ကို သဘာပတိ ဦးကိုကို ဦးဆောင်၍ ဦးခင်မောင်ဇော်၊ ဒေါက်တာနိုင်ဆွေဦးနှင့် ဦးကျော်လင်းဦးတို့က ဆွေးနွေးကြပြီး အမေးအဖြေကဏ္ဍများပြုလုပ်ကြသည်။ ယင်းနောက် မွန်းလွဲပိုင်းတွင် **"မြန်မာ-ရုရှား ဆက်ဆံရေးနှင့် မြန်မာ့လူမှုစီးပွားအပေါ် အကျိုးဖြစ်ထွန်းမှုများ"**ခေါင်းစဉ်ကို သဘာပတိ ဦးကိုကို ဦးဆောင်၍ ဒေါက်တာနန္ဒာမွန်း၊ ဒေါက်တာမောင်သင်းနှင့် ဦးရဲမင်းအောင်တို့က ဆွေးနွေးကြပြီး အမေးအဖြေကဏ္ဍများ ပြုလုပ်ကြသည်။

ထို့နောက် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းကို ဆောင်ရွက်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းနှင့်ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များက Nadejda သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



(၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုအထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကိုတွေ့ရစဉ်။



(၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုအထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

# စက်မှုဝန်ကြီးဌာနရှိ အကြီးစားစက်မှုလုပ်ငန်းလေးခုတွင် ရုရှားနိုင်ငံမှကုမ္ပဏီများ လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ SMM ကုမ္ပဏီမှ အပြည်ပြည်ဆိုင်ရာ စီမံကိန်းဌာန အကြီးအကဲ Mr.Roman Siurin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆိပ်ကမ်းများ၊ သယ်ယူပို့ဆောင်ရေးဂိတ်များ၊ သဘောကျင်းများနှင့် စက်မှုလုပ်ငန်းများတွင် ဝန်တင်၊ ဝန်ချရာ၌ အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ SMM ကုမ္ပဏီ၏ ထုတ်ကုန်များနှင့်ပတ်သက်၍လည်းကောင်း၊ စက်မှုဝန်ကြီးဌာနရှိ အကြီးစားစက်မှုလုပ်ငန်း လေးခုတွင် ရုရှားနိုင်ငံမှကုမ္ပဏီများ လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Corporation "Rostec" ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Vladimir Kazadaev တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ပထမနှစ်ဘီဒီအက်စ်(၁၁/၂၀၂၃) ကျောင်းသား၊ ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)၏ ပထမနှစ်ဘီဒီအက်စ် (၁၁/၂၀၂၃)သင်တန်း ကျောင်းသား၊ ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)နှင့် ဆေးဘက်ဆိုင်ရာနှီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နံနက်စာ သုံးဆောင်ခဲ့ကြသည်။

ထို့နောက် အဆိုပါတက္ကသိုလ်ရှိ ဇမ္ဗူရစ်ရွှေစင်ခန်းမတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ထာဝရမြန်မာ ဂုဏ်ပြုသီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုဂုဏ်ပြုစကားပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ စုံညီပွဲတော်၌ ငြိမ်းချမ်းရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကများ၊ တေးသရုပ်ဖော်အကများ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး) Bright Smile Unplugged တေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့် ဖျော်ဖြေမှုများ၊ King@Queen မြန်မာဝတ်စုံ Show တင်ဆက်မှုများကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ကပြဖျော်ဖြေကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**




# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်များ နေပြည်တော်တွင် လေ့လာရေးခရီးစဉ်စတင်




**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု သံတမန်များ လေ့လာရေးခရီးစဉ်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ အဆိုပါခရီးစဉ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနရှိ မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)ရုံးက စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ လေ့လာရေးခရီးစဉ်၏ အစီအစဉ်တစ်ခုအဖြစ် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)ရုံး၌ "Presentation on MLC Special Fund Projects in Myanmar" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပသည်။

ဆွေးနွေးပွဲ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွင့်က အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)၏ ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်းက မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှု၊ ပြီးစီးမှုနှင့် အကျိုးရလဒ်များကိုရှင်းလင်းတင်ပြသည်။ ထို့နောက် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့က စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါဝန်ကြီးဌာနများ၏ ရှင်းလင်းဆွေးနွေးမှုအပြီးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံတမန်များက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၌ ရှေ့ဆက်ဆောင်ရွက်မည့်လမ်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံ သံရုံးများမှ ကိုယ်စားလှယ်အဖွဲ့များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများအနက် တစ်ခုဖြစ်သော စိုက်ပျိုးရေးဆိုင်ရာ စာရင်းအင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့ပြင် စေတီတော်အနီးရှိ ရဋ္ဌနန္ဒကဆင်ဖြူတော်လေးအပါအဝင် ဆင်ဖြူတော်များရှိရာသို့ သွားရောက်ကြည့်ရှုကြပြီး အစာရေစာများ ကျွေးမွေးကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုးထွင့်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်ကိုယ်စားလှယ်အဖွဲ့များကို M-Gallery ဟိုတယ်၌ ကြိုဆိုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသည့် တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မကွေးမြို့နယ် မိကျောင်းရဲကျေးရွာရှိ တိုက်နယ်ဆေးရုံ၌အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၈၀၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ဦးရေ ၂၃၀၊ ခွဲစိတ်ရောဂါ ၇၆ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ သားဖွားမီးယပ်ရောဂါဦးရေ ၃၀၊ အရိုးရောဂါ ၁၄၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဦးရေ ၃၀၊ မျက်စိရောဂါ ၁၇၃ ဦး၊ သွားရောဂါ ၃၆ ဦးနှင့် အထွေထွေရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ရှစ်ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၅ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ဦးရေ ၇၀၊ Ultra-sound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၈ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၅၁ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ ၂၇ ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

၎င်းပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို စားရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# PDF အမည်ခံ အကြမ်းဖက်သမားများ အကြောင်းမဲ့ရက်စက်စွာ မိုင်းခွဲတိုက်ခိုက်ခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို သွားရောက်ကြည့်ရှုအားပေး၊ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အရာတော်)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခန်းဆုံးစာမေးပွဲဖြေဆိုပြီးပြန်လာသည့် ကျောင်းသား၊ ကျောင်းသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ရက်စက်စွာ မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ပြီး ကျောင်းသူတစ်ဦးသေဆုံးခဲ့သည့် သတင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။





အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် PDF အမည်ခံ အကြမ်းဖက်သမားများ အကြောင်းမဲ့ရက်စက်စွာ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

အဆိုပါဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့နေ့လယ်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ် ၄၂ သိန်း၊ တိုင်းစစ်ဌာနချုပ်မှ ထောက်ပံ့သည့် ငွေကျပ် ၁၇ သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) သံချပ်ကာ ယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးမှ ထောက်ပံ့သည့် ငွေကျပ် ၁၇ သိန်း စုစုပေါင်းထောက်ပံ့ငွေကျပ် ၇၆ သိန်းနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စာမေးပွဲဖြေဆိုကြမည့် တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို နယ်မြေခံတပ် တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တပ်နယ်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ နာယကအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့် ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်များမှ မိခင်နှင့်ကလေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်မိုးမိုးက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)၏ ရွေ့လုပ်ငန်းစဉ်များနှင့် နေပြည်တော်တွင် တင်ပြခဲ့သော ၂၀၂၂ ခုနှစ် Power Point ကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ နာယကအဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌတို့က ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၃) သင်တန်းသားဦးရေ ၂၀ အတွက် စားစရိတ်ငွေကျပ် ၁၆ သိန်း၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့ကို အရင်းမပျောက်မတည်ငွေကျပ် ငါးသိန်းစီ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ စဉ့်ကိုင်နှင့် ရမည်းသင်းမြို့နယ်တို့ကို သားဖွားခန်းပြင်ဆင်စရိတ်ထောက်ပံ့ငွေများ၊ သပိတ်ကျင်းမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ကို မူကြိုကျောင်းပြင်ဆင်စရိတ် ငွေကျပ် ငါးသိန်းစီ၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာမှ လူကုန်ကူးခံရသူ အမျိုးသမီးနှစ်ဦးအတွက် စားစရိတ်ထောက်ပံ့ငွေကျပ် ၂၄၀၀၀၀ နှင့် အမျိုးသမီးအတတ်ပညာ သင်တန်းကျောင်း ရေတွင်းပြန်လည်ပြုပြင်နိုင်ရန်အတွက် လှူဒါန်းငွေကျပ် ၂၃ သိန်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ အသီးသီးထောက်ပံ့ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ထို့နောက် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကနှင့် နာယကအဖွဲ့ဝင်များ၊ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နမ့်စန်မြို့နယ် နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးခြံအတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက နမ့်စန်မြို့နယ် နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးခြံများအတွင်း ရာသီသီးနှံစိုက်ပျိုးထားရှိမှု၊ တစ်သျှူးငှက်ပျောစိုက်ပျိုးထားရှိမှု၊ ဥစားကြက်၊ DYL ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




မြစ်ကြီးနားတပ်နယ်ရှိ တပ်မတော်သား မိသားစုဝင် အသက် နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးစဉ်။

# မြစ်ကြီးနားတပ်နယ်ရှိ တပ်မတော်သားမိသားစုဝင် အသက် နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်ရှိ တပ်မတော်သားမိသားစုဝင် အသက် နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ပြုလုပ်ရာ ဆရာဝန်များ၊ သူနာပြုများက တပ်ရင်း၊ တပ်ဖွဲ့များမှ ကလေးငယ် ၇၈ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် သုံးဦးတို့ကို ပေါင်ချိန်ခြင်း၊ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ဖေဖော်ဝါရီ ၁၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဖေဖော်ဝါရီ ၁၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၃၅၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၇၇ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၄၃၅၅ ဦး |

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၁၅/ ၂၀၂၃)ဖြင့်လည်းကောင်း၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၁၀/ ၂၀၂၃)ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက်အမှတ်(၂/ ၂၀၂၃)(၃/ ၂၀၂၃)တို့ဖြင့်လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့၊ နမ့်စန်မြို့နယ်နှင့် မုံရွာမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တပ်မတော်အနေဖြင့် အရာရှိစစ်သည်၊ မိသားစုဝင်များ၏ကျန်းမာရေးစောင့်ရှောက်မှုများကိုသာမက တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ မြို့နယ်များမှ သံဃာတော်များ၊ သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့်အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့မှ နယ်မြေခံဆေးကုသရေးအဖွဲ့များက သတ်မှတ်နေရာအသီးသီး၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို မျက်စိရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊အာရုံကြောရောဂါ၊အစာအိမ်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အရေပြားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

☆ **ကစားသမားရွေးချယ်ပွဲမှ**

ဦးကျော်ဇင်မိုး၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် လာရောက်ပြီး ပူးပေါင်းလေ့ကျင့်လျက်ရှိသည့် ကမ္ဘောဒီးယားနိုင်ငံမှ ခြင်းလုံးအားကစားသမားများ တက်ရောက်ကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် လူရွေးချယ်ပွဲတွင် အမျိုးသားအားကစားသမား ၁၄ ဦးနှင့် အမျိုးသမီးအားကစားသမား ၁၄ ဦး စုစုပေါင်း ၂၈ဦးကို အပြီးသတ်ရွေးချယ်ခဲ့ပြီး ဖေဖော်ဝါရီ ၁၇ ရက်တွင်လည်း ကစားသမားရွေးချယ်ပွဲ ထပ်မံပြုလုပ်သွားမည်ဖြစ်သည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ၌ လာမည့် မေ ၅ ရက်မှ ၁၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ကြာအင်းဆိပ်ကြီးမြို့နယ် သံပုကျေးရွာအနီး ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်းရှိ ဒါလီချောင်းကူးတံတားကို အကြမ်းဖက်မှုကိုလိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး





ကြာအင်းဆိပ်ကြီးမြို့နယ် သံပုကျေးရွာအနီး ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်းရှိ ဒါလီချောင်းကူးတံတားကို အကြမ်းဖက်မှုကိုလိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားမှုကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုကျေးရွာအနီး ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်းရှိ ဒါလီချောင်းကူးတံတားကို အကြမ်းဖက်မှုကိုလိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာကျေးရွာအနီး ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်း၊ KM 9 နှင့် KM 10 ကြားရှိ ဒါလီချောင်းကူးတံတားကို အကြမ်းဖက်မှုကိုလိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ရာ အလျား ၁၈၈ ပေ အနံ ၁၆ ပေခန့်ရှိ သံပေါင်တံတားတစ်ခြမ်းပြိုကျပျက်စီးခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် အဆိုပါတံတားသို့ အကြမ်းဖက်အဖွဲ့အင်အား ၁၀ ဦး ခန့်က ထပ်မံရောက်ရှိလာပြီး ကျန်ရှိနေသည့် တံတားတစ်ခြမ်းကို ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားတစ်ခြမ်းထပ်မံပျက်စီးခဲ့ပြီး လူနှင့်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့်တံတားကို တာဝန်ရှိသူများက အများပြည်သူပြန်လည်အသုံးပြုနိုင်ရေးဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၁၅ ဒသမ ၉၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၈၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၇ ဒသမ ၄ သန်း၊ ထိန်းချုပ်ဓာတုပစ္စည်းကဖင်း လေးတန် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် ၁၅ ဒသမ ၉၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၈၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၇ ဒသမ ၄ သန်း၊ ထိန်းချုပ်ဓာတုပစ္စည်းကဖင်း လေးတန် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပါဆတ်ရပ်ကွက် လွန်းကျိုင်းရပ်ရှိ အမှတ်(၃/၁၂၂)နှင့် (၃/၁၂၃) နေအိမ် နှစ်လုံးကို သတင်းအရရှာဖွေရာနေ အိမ်ခြံဝင်းအတွင်း စိုင်းရွက်ကို ဒေသကာလတန်ဖိုးငွေကျပ် ၁၅ ဒသမ ၉၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၈၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၇ ဒသမ ၄ သန်း၊ ထိန်းချုပ်ဓာတုပစ္စည်းကဖင်း လေးတန်နှင့် ဆက်စပ်ပစ္စည်းများကို မော်တော်ယာဉ် လေးစီးနှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းကို ဥပဒေအရအရေးယူထားရှိပြီး မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သူများ ပိုင်ဆိုင်သည့်ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ပြည်သူဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးနှင့်ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၇)ရပ်ကွက် ဝက်အင်းကြီးရပ်နေ လူမင်းကျော်(ခ) ကျော်ဦးသည် ၎င်းအသုံးပြုသည့် "Lu Min Kyaw" Facebook အကောင့်၊ ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်နေ ကျော်အေး(ခ)ပေါက်ပြားနှင့် ခင်မောင်ဌေးတို့သည် ၎င်းတို့အသုံးပြုသည့် "Kyaw Aye" Facebook အကောင့်နှင့် "Khin Mg Htay" Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ ကျော်ဇင်ဝင်းသည် ၎င်းအသုံးပြုသည့် "Kyaw Zin Win" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

0 w Kv d @

# သတိထားတတ်ပါစေ

ကြယ်စင်(လားရှိုး)




(၁)

ခေတ်စနစ်တွေ ဘယ်လောက်ပြောင်းပြောင်း ကျွန်မ ခင်နှင်းဆီကတော့ ဘာမှမပြောင်းလဲနိုင်ခဲ့။ သားနဲ့သမီးတောင် အတော်အရွယ်ရောက်လာခဲ့ပြီမို့ ခင်လေးဝါသနာပါရာ စာတိုပေစလေးတွေရေးတဲ့ အလုပ်စလုပ်ဖြစ်ခဲ့သည်။ ဒါပေမဲ့ ခင်လေး ဖုန်းကို ကျွမ်းကျင်စွာမသုံးတတ်ခဲ့။ Note ထဲစာရေးပြီးသိမ်းထားဖို့၊ ကိုယ့် Wallပေါ်တင်တတ်ဖို့ကို သားဆီက ပြန်သင်ခဲ့ရသည်။ ကိုသက်နိုင်ကတော့ ဖုန်းကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်ရုံမျှမက အတော်အတန်ပျက်တာလောက်ကို ပြင်တတ်သူမို့ လိုအပ်တာရှိတိုင်း သူ့ကိုအားကိုးခဲ့ရသည်။ ကလေးတွေကိုလဲ ဖုန်းတစ်ယောက်တစ်လုံး ပေးကိုင်ထားတော့ ခင်လေး အတန်တန်သတိပေးနေခဲ့ရသည်။ အခုခေတ်မှာ ဖုန်းကြောင့်အောင်မြင်တိုးတက်မှုရှာနေကြသူတွေရှိကြသလို ပျက်စီးဆုံးရှုံးနစ်နာကြသူတွေ ဒုနဲ့ဒေးပေါ်များနေတာမို့ သားနဲ့သမီးလေးအတွက် ခင်လေးစိတ်ပူမိသည်။

"မောင် ကလေးတွေ ဖုန်းပေးကိုင်တာလဲ ကိုင်တာပေါ့။ ဒီအရွယ်တွေ သိပ်အန္တရာယ်များတယ် မောင်ရယ်။ အခုမှ သမီးလေးက ခုနစ်တန်းရှိသေးတာ။ မတော်တာတွေ ကြည့်တတ်၊ သုံးတတ်နေရင်မခက်လား။ သားကြီးကလဲ ကိုးတန်းဆိုပေမဲ့ လိုင်းပေါ်က မဟုတ်တာတွေ တတ်လာမှာကြောက်ရတယ်နော်။ ဖြစ်နိုင်ရင် အချိန်ပိုင်းလေးနဲ့ ပေးကိုင်ပါလား။ ပြီးတော့ ခင်လေးက အဲဒါတွေ သိပ်သုံးတတ်တာမဟုတ်တော့ သူတို့လိမ်နေလဲ ခင်လေး ဘာမှသိမှာမဟုတ်ဘူး"

"ခင်လေးရယ် မင်းက နေရာတကာ စိတ်ပူနေတာကိုး။ အခုခေတ်မှာ ကလေးတွေ အကုန်သုံးနေကြတာပဲ။ သူတို့ မှားယွင်းတဲ့နေရာတွေမှာ မသုံးမိအောင်တော့ ဘေးက စောင့်ကြည့်ဖေးမပေးရမှာပေါ့ကွာ။ နေရာတိုင်း ထိန်းချုပ်ထားလို့တော့ မရဘူးပေါ့။ သူများကလေးတွေ သိတာ၊ တတ်တာကြည့်ပြီး ကိုယ့်ကလေးက နုံအနေလို့လဲ မဖြစ်သေးဘူးလေ မိန်းမရဲ့။ ပူမနေပါနဲ့ မောင် သူတို့အကောင့် Password တွေ အကုန်ယူထားပါတယ်"

ဒီလိုနဲ့ပဲ သားသမီးတွေကို သိပ်ကိုခေတ်မီစေချင်၊ သိစေချင်၊ တတ်စေချင်နေတဲ့ ဖေဖေနဲ့ ခေတ်အလိုက် ဂိမ်းဆော့၊ Tiktok ဆော့နဲ့ လိုင်းပေါ်က တင်သမျှအတတ်သင်နေကြတော့သည်။ ခင်လေး လေ့လာမိသလောက် ကောင်းတဲ့သင်တန်းတွေ၊ သင်ယူစရာတွေ များနေပေမဲ့ ခင်လေး သားနဲ့သမီးတွေကတော့ ကျောင်းပြန်လာပြီး ပိုနေတဲ့အချိန်အားလုံးဖုန်းတစ်လုံးနဲ့သာ အချိန်ကုန်နေခဲ့တော့သည်။ ကောင်းတဲ့သင်ယူမှု၊ သင်ကြားမှုတော့ တိုးတက်လာတာ မတွေ့ခဲ့ရဘဲ Game၊ Tiktok နဲ့သာ အချိန်ကုန်နေတော့တာမို့ စိတ်ထဲမကောင်းဖြစ်ခဲ့ရသည်။

(၂)

ဒီနေ့ သားကျောင်းသွားခါနီး ရေချိုးနေတုန်း အခန်းထဲ ဖုန်းနဲ့သီချင်းဖွင့်ထားခဲ့သည်။ ခင်လေး သားအိပ်ခန်းထဲဝင်ပြီး တံမြက်စည်းလှည်းပေး၊ ခြင်ထောင်သိမ်းပေးပြီး စာကြည့်စားပွဲပေါ်ကဖုန်းကိုအမှတ်တမဲ့ ကြည့်လိုက်မိသည်။ သားကြီးက အင်္ဂလိပ်သီချင်းသာ အများဆုံးနားထောင်လေ့ရှိတာမထူးဆန်းပေမဲ့ ဖွင့်ထားတဲ့ဖုန်းထဲက ဗီဒီယိုဖိုင်ကိုကြည့်ရတာ အမြင်ရိုင်းလိုက်လေခြင်း သရုပ်ဆောင်နေကြတဲ့ ဆယ်ကျော်သက်အရွယ်လေးတွေ ပွေ့ဖက်နမ်းရှုပ်နေရုံမက ခုတင်ပေါ်က အိမ်ထောင်ရေးကိစ္စတွေပါ မထင်မရှားပါလာနေသည်။ ကျွန်မကြည့်နေရင်း ကြက်သီးများပင်ထမိနေတော့သည်။ ခေတ်ကာလပြောင်းလဲတိုးတက်လာတာ မှန်ပေမဲ့ ဒီအရွယ်လေးမှာ ဒီလိုဟာတွေကြည့်နေတာ မသင့်တော်ဘူးလို့ ကျွန်မကတော့တွေးမိပေမဲ့ ကလေးတွေအဖေကတော့ ဆန့်ကျင်လို့နေပြန်သည်။

"ခင်လေးရယ် မင်းသားကကလေးမဟုတ်တော့ဘူး။ ပြီးတော့ ဒီအရွယ်ဒါတွေကြည့်ကြတာမထူးဆန်းပါဘူး ခင်လေးရဲ့။ ယောကျ်ားလေးပဲ ဒီလောက်တော့ရှိတာပေါ့"

"ဒါပေမဲ့ မောင်ရယ် ကလေးတွေအတူမြင်အတတ်သင်တွေ လွဲကုန်ပါ့မယ်။ ခင်လေးကတော့ ကလေးတွေကို သိပ်ပြီးလွှတ်မထားစေချင်ဘူး။ နောက် သမီး ဆူမွှန်ရှိသေးတယ်။ မောင်က ဖေ့ဘွတ်ပေးသုံးထားတာ အသက်အရွယ်အရ အန္တရာယ်သိပ်များတယ် မောင်။ လိုင်းပေါ်မှာက ခင်လေးတွေ့မိသလောက်တင်ချင်တာတင်နေကြတာ။ အခုခေတ်ထနေတဲ့ Tiktok မှာတင်ကို အချို့မိန်းကလေးတွေ မဖွယ်မရာပုံတွေတင်နေကြတာ။ မောင် ထိန်းထားတယ်ဆိုပေမဲ့ အခုခေတ်ကလေးတွေ သိပ်လည်ကြတာနော်။ မောင်လဲ အမြဲကြည့်နေနိုင်တာမှမဟုတ်တော့ အလစ်မှာ ခိုးလုပ်နေရင် ခက်နေလိမ့်မယ်"

ခင်လေး အတန်တန်သတိပေးနေခဲ့ပေမဲ့ မောင်ကတော့ နားထဲမဝင် သားသမီးတွေကို ယုံကြည်ထားပြီး လွှတ်ထားခဲ့သည်။ ခင်လေးစိတ်ပူနေခဲ့တဲ့ကာလ ဘယ်လောက်မှ မကြာလိုက်ခင်မှာပဲ ပြဿနာအစပြုလာခဲ့တော့သည်။ သမီးလေးက ဂိမ်းဆော့နေရင်း လိုင်းပေါ်က Chating ဝင်နေတာ ဘယ်သူမှသတိမထားမိခဲ့ကြ။ Chat Box ကနေ ရည်းစားခိုးထားတတ်နေပြီး အဲဒီက တစ်ဆင့် ကာမတဏှာကြီးမားသူတွေ၊ နှမသားချင်း၊ သားသမီးချင်း ကိုယ်ချင်းမစာသူတွေရဲ့လက်ထဲမှာ ခြိမ်းခြောက်ခံနေရတဲ့အထိဖြစ်နေခဲ့တော့သည်။ **Sex Chat** တယ်ဆိုတာ ကြားသာကြားဖူးခဲ့ပြီး သေချာအောင်မသိခဲ့တဲ့ကျွန်မ နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်ခဲ့ရပါတော့သည်။

(၃)

"အမယ်လေး အမယ်လေး သမီး သမီးလေး အဲဒါဘာလုပ်နေတာလဲ။ သားကြီးရေ သားကြီး ဒီကိုလာပါအုံး။ အမယ်လေး လုပ်ကြပါအုံး လူကြားမကောင်းတာတွေတော့ ဖြစ်ကုန်တော့မှာပဲ။ ဘုရား ဘုရား ဟီး ဟီး သားကြီးရေ"

ကျွန်မ သမီးလေးရဲ့ ခြေထောက်နှစ်ချောင်းကို ဖက်ထားရင်း အသားကုန်အော်နေမိသည်။ အိမ်မှာ ကလေးတို့အဖေလဲမရှိတာမို့ သားကြီးကိုသာအားယူပြီး ခေါ်နေမိသည်။ အခန်းထဲက ထုပ်တန်းပေါ်မှာ တွဲလောင်းကျနေတဲ့သမီး။ လည်ပင်းမှာချည်ထားတဲ့ နိုင်လွန်ကြိုးကတင်းပြီး မျက်လုံးအစုံကပြူးပြီး လျှာအနည်းငယ်ထွက်နေခဲ့သည်။ ပါးပေါ်မှာ မျက်ရည်တို့တွဲခိုနေပြီး အခန်းထဲဝင်လာတဲ့ကျွန်မကို အားကိုးတစ်ကြီးတစ်ချက်လှမ်းကြည့်နေရှာသည်။ သူ့လက်နှစ်ဖက်က လည်ပင်းက ကြိုးကိုဆွဲလျက်သား။ သမီးခြေထောက်အောက်ကခုံပေါ်ကို ကျွန်မတက်ရပ်လိုက်ပြီး သမီးကို ပွေ့ထားသည့်အနေအထားလုပ်လိုက်သည်။ သားကြီးရောက်လာပြီး နောက်ထပ်ခုံယူကာ သူ့ညီမလေးရဲ့လည်ပင်းကကြိုးကို ဖြေပေးနေသည်။ ကြိုးကအတော်နဲ့ဖြေမရ။ ကြီးမားတဲ့သမီးခန္ဓာကိုယ်ကိုလဲ ကျွန်မမနည်းမနေရတော့သည်။

"သားကြီး မရသေးဘူးလား။ အမေ အတော်ညောင်းနေပြီ"

"ခဏလေးပါ မေမေ ရတော့မယ်"

သားကခုံပေါ်ကဆင်းပြီး ကတ်ကြေးပြေးယူပြီး ညှပ်ထုတ်ရတော့သည်။ သားမိနှစ်ယောက်စလုံး ခုံပေါ်ကနေ လုံးထွေးပြုတ်ကျသွားတော့သည်။ သမီးကို အတင်းဆွဲထူပြီး ကြည့်တော့မျက်လုံးကလယ်ကလယ်နဲ့ အဲဒီတော့မှ ကျွန်မသက်ပြင်းမောချနိုင်တော့သည်။ ကံသီပေလို့ပေါ့။ သမီးကိုအသာခေါ်လာကာ ရေတစ်ခွက်တိုက်ပြီး အိပ်ရာပေါ်လှဲသိပ်လိုက်သည်။

"သမီးလေး ခဏမှေးနေလိုက်နော်။ သမီး ဘာဖြစ်တယ်။ ဘာကြောင့် ဒီလိုတွေလုပ်တယ်ဆိုတာ မေမေကိုပြောပြ။ လောကမှာ ပြေလည်အောင်ရှင်းလို့မရတဲ့ကိစ္စဆိုတာမရှိဘူးသမီးလေး။ သေကြောင်းကြံစည်တယ်ဆိုတာ ပျော့ညံ့တဲ့မိန်းကလေးတွေလုပ်တာ သမီး။ လူဆိုတာ အမှားရှိကြတယ်။ အမှားလုပ်ထားမိရင် ရင်ဆိုင်ဖြေရှင်းတတ်ရတယ်။ ပြဿနာကနေ ရှောင်ထွက်သွားတာ လူညံ့တွေလုပ်တာ သမီး။ ခဏမှေးလိုက်ပြီးမှ မေမေတို့စကားဆက်ပြောကြမယ်"

(၄)

သမီးကိုစောင်ခြုံထားပေးလိုက်ပြီး ခဏထိုင်စောင့်နေလိုက်သည်။ သမီးကိုသာ အားပေးစကားပြောနေပေမဲ့ ကျွန်မရင်တွေတုန်နေတုန်းပါပဲ။ အသက်ကိုတောင် ရန်ရှာတဲ့အထိလုပ်နေတာမို့ တော်ရုံကိစ္စတော့မဖြစ်နိုင်။ သမီးဖုန်းလေးကိုယူပြီး ကြည့်နေမိသည်။ Facebook ပေါ်မှာ တင်ထားတဲ့ပုံလေးတွေ။ ကျွန်မနဲ့ Friendဖြစ်နေတာမို့ တွေ့နေရတာ ဘာမှမထူးဆန်း။ ဖုန်းလေးပြန်ချဖို့လုပ်နေစဉ်မှာပဲ ပို့လာတဲ့စာတစ်စောင်နဲ့ ဓာတ်ပုံတွေ။ ကျွန်မ Messenger ထဲ ဝင်ကြည့်လိုက်မိသည်။

"အမယ်လေး ဘုရား ဘုရား။ မင်းနဲ့နှစ်ယောက်တည်း တွေ့ချင်တယ်။ မင်းအလှအပတွေကို မျက်မြင်ခံစားခွင့်ရချင်တယ်။ မနက်ဖြန်ချိန်းထားတဲ့နေရာကို ရောက်အောင်လာခဲ့ပါ။ မလာရင် မင်းပုံကို Sex Group တွေမှာ တင်မဲ့အပြင် မင်းမိဘအသိုင်းအဝိုင်းအားလုံးသိအောင် Group ပေါင်းစုံမှာတင်ရလိမ့်မယ်။ ကောင်မလေးလာဖြစ်အောင်လာနော်။ မင်းပြောတော့ ကိုကြီးကိုချစ်တယ်ဆို။ ကလေးကို ကိုကြီးက တွေ့ချင်ရုံသက်သက်ပါ"

ကျွန်မ ခေါင်းတွေအကြီးကြီးဖြစ်သွားပြီး မျက်နှာတွေပူထူသွားကာ ကျွန်မလက်တွေ အလိုလိုစာကိုရိုက်မိသွားသည်။

"ကိုကြီးရယ် အဲဒီလိုတွေခြိမ်းခြောက်တော့ ကလေးကြောက်တာပေါ့။ ကိုကြီး ဘာလို့ အဲဒီပုံတွေရိုက်ထားရတာလဲ။ ပြောတော့ ကလေးကိုချစ်တယ်ဆို။ ကိုကြီးကိုချစ်လို့ အဲဒီလိုလိုက်လျောမိတာကို ကိုကြီးအဲဒီလိုမလုပ်ပါနဲ့လား။ ကလေးတို့က မိန်းမသားတွေရှက်တတ်တယ်လေ။ တဒင်္ဂစိတ်ကလေးသာယာမိလိုက်တာ ကိုကြီးလုပ်ရက်လိုက်တာ"

စာက တော်တော်နဲ့ပြန်ရေးမလာတော့။ သေချာပါပြီ သမီးလေးခြိမ်းခြောက်ခံနေရပြီ။ မိုက်လိုက်တဲ့သမီးရယ်။ မေမေ ဒီလောက်ဆုံးမထားနေရဲ့သားနဲ့။ အဝတ်အစားကို ခေတ်မီအောင်ဝတ်ပြီး အမြင်မရိုင်းဖို့၊ နေတာ၊ ထိုင်တာသေသပ်ဖို့၊ မကလက်ဖို့ အတတ်နိုင်ဆုံး ဆိုဆုံးမခဲ့ပေမဲ့ သမီးက နားထဲရောက်ခဲ့ပုံမပေါ်။ Messenger ထဲ အပေါ်ကစာတွေလိုက်ဖတ်နေမိသည်။ သမီးလေးကို မမြင်အပ်တဲ့အတွင်းပိုင်းပုံတွေ ပြဖို့တောင်းဆိုနေခဲ့တာ ရက်ပေါင်းများစွာ။ မပေါ့တစ်ပေါ်ရိုက်ထားတဲ့ပုံတွေ အပေါ်ပိုင်း၊ အောက်ပိုင်းစုံလို့ပါလား။ ကျွန်မတို့သမီးလေးကို ငယ်ငယ်ကတည်းက သေချာသွန်သင်ဆုံးမခဲ့ပါလျက်နဲ့ သမီး ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။ ကောင်လေး Wall ထဲဝင်ကြည့်လိုက်တော့ ပုံအမှန်တင်ထားတာမတွေ့ရ။ Wall တစ်ခုလုံးမွှေတော့မှ လအတော်ကြာကြာကတင်ထားသည့်ပုံကိုတွေ့ရသည်။ လူလတ်ပိုင်းအရွယ်လေး ရုပ်နဲ့မှမလိုက် အတော်ယုတ်မာတဲ့ကောင်ပါလား။ သမီးက ရုပ်ရည်ကြည့်ပြီး သဘောကျခဲ့တယ်ထင်ပါရဲ့။

"ကိုကြီး လိပ်စာပို့ထားနော် ကလေးလာခဲ့မယ်။ မနက်ဖြန်မနက် ၁၀ နာရီလောက် ကလေးထွက်လာခဲ့မယ်နော်"

စာမျက်နှာ ၂၅ သို့ ➤

# မြန်မာ့ကြက်သွန်နီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဈေးကွက်အလားအလာရှိသည့် နိုင်ငံများသို့ အစိုးရချင်းချိတ်ဆက်သည့်စနစ်ဖြင့် တိုးမြှင့်တင်ပို့နိုင်ရန် ဆောင်ရွက်သွားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မြန်မာ့ကြက်သွန်နီကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံအပါအဝင် ဈေးကွက်အလားအလာရှိသည့် နိုင်ငံများသို့ အစိုးရချင်းချိတ်ဆက်သည့် G to G စနစ်ဖြင့် တိုးမြှင့်တင်ပို့နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေး ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းထံမှ သိရသည်။

လက်ရှိ မြန်မာ့ကြက်သွန်ဈေးကွက်အတွင်း ကြက်သွန်နီဈေးကျဆင်းလျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင် ကြက်သွန်နီဈေးအမြင့်ဆုံးကို ရောက်နေသည့်အတွက် ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာနိုင်ငံမှ ကြက်သွန်နီကို အစိုးရချင်းချိတ်ဆက်သည့်စနစ်ဖြင့် တင်ပို့ရောင်းချရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

"ကြက်သွန်နီကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဈေးကွက်အလားအလာရှိတဲ့ နိုင်ငံတွေကို တိုးမြှင့်တင်ပို့နိုင်ဖို့အတွက် အစိုးရချင်းချိတ်ဆက်ဆောင်ရွက်တဲ့စနစ်နဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဆောင်ရွက်နေပါတယ်။ ဒါ့ပြင် ကြက်သွန်နီတင်ပို့ရာမှာ လိုအပ်တဲ့ အပင်ပိုးမွှားရောဂါတွေ ကင်းရှင်းကြောင်း အသိအမှတ်ပြုလက်မှတ်တွေ လွယ်ကူစွာထုတ်ယူနိုင်ဖို့ အပါအဝင် ပြည်ပဈေးကွက်ကို ကြက်သွန်နီ စဉ်ဆက်မပြတ်တိုးမြှင့်တင်ပို့နိုင်ဖို့နဲ့ ပြည်တွင်းဈေးကွက်တည်ငြိမ်စေဖို့အတွက်လဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြ၍ သိရသည်။

ASH

➤ စာမျက်နှာ ၂၄ မှအဆက်

စာပို့ထားလိုက်ပြီး သမီးလေးကို အကြောင်းမဲ့ထိုင်ကြည့်နေမိသည်။ ဒီလောက်ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဒီလိုတွေဖြစ်ရတယ်တဲ့လားသမီးရယ်။ အမေ့ရင်တွေကွဲရပါတော့မယ်။ ကိုယ်ကျိုးတွေနည်းတော့မလို့ တော်ပါသေးရဲ့သမီးရယ်။ မျက်ရည်တွေကြားထဲက သမီးကို ငုံ့နမ်းလိုက်မိသည်။ အသက်အရွယ်အရ ၁၁ နှစ်နဲ့ ၁၅ နှစ်အရွယ်မှာ ဟော်မုန်းအပြောင်းအလဲတွေကြောင့် စိတ်ကစားတတ်ကြတာ၊ စူးစမ်းလေ့လာစိတ်များတာ၊ အာရုံစူးစိုက်ကြတာကို သတိမေ့ထားမိခဲ့တယ်။ အမေတောင်းပန်ပါတယ်သမီးရယ်။ အမေနဲ့အဖေမှာ အပြစ်ရှိခဲ့တာပါ။

(၅)

သမီးလေးနိုးလာတော့ သူ့အဖြစ်အပျက်တွေကို အားလုံးပြန်ပြောပြခဲ့သည်။ ဖုန်းထဲကဂိမ်းဆော့ရင်း ခင်မင်မိရာက စာအပြန်အလှန်ပို့ရင်း ရင်းနှီးလာကြသည်။ စိတ်ကစားတတ်သည့်အရွယ်လေးမို့ ပြောသမျှအဟုတ်ထင် ယုံနေခဲ့ပြီး ပွေ့ဖက်နမ်းရှုပ်သည့်ပုံများကိုပို့နေရင်း စိတ်ကြွလာအောင်စည်းရုံး နောက်ဆုံးလိင်ဆက်ဆံနေသည့်ဖိုင်များပါပို့လာကာ တွေ့ဖို့ချိန်းဆိုခဲ့သည်။ အတူနေရင် ကြည်နူးစရာ ဘယ်လိုကောင်းကြောင်း၊ အမြင်ကနေ လက်တွေ့ကျင့်သုံးဖို့ထိ ဆွဲဆောင်နေခဲ့သည်။ တစ်ခါသွားခိုးတွေ့သည့်အချိန် ပွေ့ဖက်နမ်းရှုပ်တာအပြင် ရင်သားနဲ့တင်ပါးတွေကိုင်တွယ်ပြီး အတင်းဆွဲလားရမ်းလားလုပ်ကာ အတူနေဖို့တောင်းဆိုခံခဲ့ရသည်ထိ ရောက်ခဲ့ကြသည်။ ကြောက်စိတ်နဲ့ငြင်းဆန်ခဲ့ပြီး လူလဲမလစ်လို့ အိမ်ပြန်လာခွင့်ရခဲ့ပေမဲ့ ပြဿနာကပြီးမသွားဘဲ အခုလိုခြိမ်းခြောက်ကာ တောင်းဆိုတဲ့အခြေအနေထိရောက်လာခဲ့ရသည်။ လာတွေ့ဖို့အကြိမ်ကြိမ်တောင်းဆိုပြီး မလာခဲ့တဲ့အတွက် ဓာတ်ပုံပြကာ ခြိမ်းခြောက်သည်ထိဖြစ်လာခဲ့သည်။ သမီးလေးကို အလွတ်ပေးဖို့ စိတ်ကူးရှိပုံမရ။ မောင်ပြန်လာတော့ အကြောင်းစုံပြောပြပြီး စခန်းကိုအကြောင်းကြားတိုင်ချက်ဖွင့်ခဲ့သည်။ သူတို့ပေးတဲ့လိပ်စာအတိုင်း သမီးကို သွားတွေ့စေခဲ့သည်။ တာဝန်ရှိသူတွေက အသွင်ယူပြီး ကြိုစောင့်နေခဲ့ကြသည်။ ရပ်ကွက်ထဲက တည်းခိုခန်းမို့ သတင်းက အုပ်နေရင်း အတော်ပျံ့နှံ့သွားခဲ့ရသည်။ အချိန်မီဖမ်းဆီးပြီး တရားစွဲဆိုနိုင်ခဲ့သည်။ သမီးလေးကိုလဲ အမှုရင်ဆိုင်ဖို့အားမွေးပေးခဲ့ရသည်။ မနူးမနပ်အရွယ်လေးမှာ သူများတွေလဲ ကိုင်နေတာပဲ၊ တိုးတက်နေတဲ့ခေတ်မှာ လူရာမဝင်မှာ စိတ်ပူတတ်တာ၊ သူများတွေတတ်တာသိတာကို ကိုယ့်သားသမီးတွေသိစေချင်၊ တတ်စေချင်တဲ့စိတ်နဲ့ ချစ်ပေးခဲ့တဲ့ မိဘတွေရဲ့စိတ်စေတနာတွေနောက်မှာ ကြောက်စရာကောင်းတဲ့ အမှောင်ထဲကလူသားတွေ သိပ်ကိုများလှသည်။ ငွေမက်သူက ငွေလိမ်ဖို့၊ ညာဖို့ကြိုးစားနေသလို တဏှာရမ္မက်ထန်ပြီး လိုချင်လောဘရှိတဲ့သူတွေကလဲ ကလေးအရွယ်၊ အပျို၊ အအိုမရှောင် ကာမသိုက်တူးသူတွေလဲ အများကြီးရှိနေခဲ့သည်။

"သုံးတတ်တော့ဆေး မသုံးတတ်တော့ဘေး"ဖြစ်တဲ့သဘောပါပဲ။ နုနယ်ငယ်ရွယ်ပြီး အသိမကြွယ်သေးတဲ့ကလေးတွေကို ဖုန်းပေးကိုင်တာ၊ လွှတ်ထားတာတွေဟာ သိပ်ကို အန္တရာယ်ကြီးမားတယ်ဆိုတာ လက်တွေ့သိခဲ့ရတဲ့သင်ခန်းစာတစ်ခုပါပဲ။ အရှက်တကွဲဘဝနဲ့ အသက်ဆုံးရှုံးရမဲ့ဘေးကလွတ်ခဲ့ရပေမဲ့ အရွယ်မတိုင်ခင်ရခဲ့တဲ့သူ့နှလုံးသားက ဒဏ်ရာကတော့ သေသည်ထိပါသွားမှာ သေချာလှသည်။

ခေတ်ရဲ့ပြောင်းလဲမှုနဲ့အညီ မိခင်တွေမှာလဲ တာဝန်ပိုလာစေခဲ့သည်။ ကျွန်မတို့တစ်တွေက ရှေးရိုးကြီးအတိုင်းနေပြီး ကိုယ်နဲ့မဆိုင်သလို ငါနားမလည်ပါဘူး၊ ငါမှမလုပ်တတ်တာ၊ ငါမသိပါဘူးဆိုပြီး မျက်ကွယ်ပြုနေလို့မရတော့ပေ။ ကလေးတွေကို အလိုလိုက်သူအဖေတွေက စီးပွားရှာထွက်နေကြတော့ အိမ်မှာ သားသမီးတွေက မိခင်နှင့်သာ အနေများကြသည်။ မိမိသားသမီး ဖုန်းနဲ့ဂိမ်းဆော့နေတာပဲဆိုပြီး လွှတ်ထားလို့မရ။ သေချာလေ့လာကြည့်တော့မှ ကျွန်မတို့မသိတာတွေ တကယ်များလှသည်။ ဖုန်းလေးတစ်လုံးနဲ့ ကိုယ့်စိတ်ထဲရှိသမျှ ရှာပြီးကြည့်နေ၊ လုပ်နေလို့ရနေတာ၊ သင်ယူတတ်မြောက်နေကြတာ ကောင်းတာလား၊ ဆိုးတာလားဆိုတာ ကျွန်မဝေခွဲမရနိုင်တော့။ သေချာတာကတော့ ကလေးတွေကို အုပ်ထိန်းနေတဲ့သူတွေသတိလက်လွတ်မနေဖို့နဲ့၊ အိမ်ထဲမှာ ဖုန်းနဲ့နေနေတာ လုံခြုံမှုရှိပြီဆိုပြီး မတွေးဖို့၊ အမြဲစောင့်ကြည့်နေဖို့ တကယ်လိုအပ်လှသည်။ မိဘတွေက ကောင်းတဲ့အရာတွေ၊ သိသင့်သိထိုက်တာတွေအတွက် ဖုန်းပေးသုံးကြတာဆိုပေမဲ့ သူတို့လေးတွေ အမှန်တကယ် တန်ဖိုးရှိတဲ့နေရာတွေမှာ အသုံးချတတ်ဖို့၊ အလိမ်ညာခံဘဝထဲမရောက်ဖို့၊ လုံခြုံမှုမရှိတဲ့ Social Media တွေမှာ Sex Chat တာတွေဟာ အန္တရာယ်ဘယ်လောက်ကြီးတယ်ဆိုတာ သေချာသိအောင်သင်ပြထားပေးရမည်။

အခုခေတ် ဒီလိုမနူးမနပ်လေးတွေမှမဟုတ်ဘဲ အရွယ်ရောက်နေကြတဲ့သူတွေ၊ လူကြီးသူမတွေတောင် နည်းပေါင်းစုံနဲ့ လိမ်ညာစော်ကားခံနေကြရတာ၊ ပါးစပ်အရသာခံပြီး ထိကပါးရိကပါးလုပ်ခံနေကြရတာမို့ စိတ်အပြောင်းအလဲအတက်အကျများနေသည့် ဆယ်ကျော်သက်လေးတွေကို အထူးဂရုစိုက်ထိန်းသင့်သည်။ ကာမမှုဆိုးတွေရဲ့ သားကောင်ဘဝမရောက်ဖို့ ကျွန်မတို့မိဘတွေ အထူးဂရုစိုက်ကြဖို့လိုအပ်လှသည်။ ဖြစ်လာမှ ဖြေရှင်းရတာထက် မဖြစ်ခင်က ကြိုတင်ကာကွယ်ထားတာ အကောင်းဆုံးဆိုတာ ခင်လေးတို့သိခဲ့ရပါပြီ။

(၆)

အမှုပြီးလို့ ပြစ်မှုကျူးလွန်သူတရားခံ အောင်ခန့်မိုး ထောင်ကျသွားတော့ ခင်လေးတို့အိမ်ရောင်းပြီး အခြားမြို့နယ်ကို ပြောင်းနေခဲ့ကြသည်။ အခြားကြောင့်မဟုတ်ပေမဲ့ သမီးလေး သူ့ဘဝရဲ့အမှားကြောင့် တိုက်ဆိုင်တာတွေမြင်ရတိုင်း နာကျင်နေမှာကို မလိုလားခဲ့လို့ပါ။ ခင်လေးတို့ သမီးလေးရဲ့ အရှက်နဲ့အသက်ကို အချိန်မီရုံလေးကာကွယ်ပေးနိုင်ခဲ့ရုံလေးပါ။ သမီးလေး အမှားကနေ ပေးခဲ့တဲ့သင်ခန်းစာက ကျွန်မတို့ဘဝအတွက် တကယ်ကို အဖိုးတန်ခဲ့ပါတယ်။ ဆယ်ကျော်သက်အရွယ် သွေးသားပြောင်းလဲနေချိန် ဟော်မုန်းအပြောင်းအလဲကြောင့် ထိရှလွယ်၊ ခံစားလွယ်၊ သင်ယူလွယ်၊ အာရုံစူးစိုက်နေချိန်မှာ မထိပါးသင့်တဲ့အရာ၊ သိသင့်သိထိုက်တဲ့ Social Media အန္တရာယ်ကို ရှောင်ရှားတတ်ဖို့ ယောကျ်ားလေး၊ မိန်းကလေး မခွဲခြား ဂရုစိုက်သင်ပေးဖို့ အသိလေးရခဲ့တာပါပဲ။ ခင်လေးတို့မိဘတိုင်းမှာ တာဝန်ရှိကြတယ်မဟုတ်လား။ ခေတ်စနစ်အပြောင်းအလဲတွေထဲက ကလေးငယ်တွေအတွက်၊ မိမိတို့ဘဝတွေအတွက် ကောင်းမွန်အကျိုးရှိသော ပညာရပ်များကို လေ့လာနိုင်သူများဖြစ်ကြပါစေလို့ ခင်လေး ဆန္ဒပြုမိတော့သည်။

## လှမ်းခဲ့ပါလေ ပုဂံမြေသို့

\- ပုဂံမြေကို တစ်ခေါက်တစ်ခါတော့
အရောက်လာခဲ့စေချင်တယ်၊
ယဉ်ကျေးစွာ မေတ္တာဖျန်း
ကမ်းလို့ကြိုမယ်၊
မြန်မာ့ဓလေ့ ချစ်စဖွယ်
ပျူငှာမှုရယ် ရင်ကိုအေး၊
ပုဂံမြေပေါ် ခြေလှမ်းအချ
နွမ်းသမျှဝေး။

\- အနော်ရထာမင်း စွမ်းဆောင်ပေး
သွေးစည်းလို့ ညီညွတ်ရန်၊
တည်ထောင်ပြု ပထမ
မြန်မာ့နိုင်ငံ၊
မြတ်ဗုဒ္ဓ သာသနာမှန်
ထွန်းကားရန် အလေးထား၊
ပုဂံပြည် ရွှေရောင်လွှမ်းလို့
တခမ်းတနား။

\- ဖူးမကုန် စေတီပုထိုးများ
သဒ္ဓါတိုးပွား ကြည်ညိုရာ၊
အနုပညာ သုခုမများ
ရှုစားလေ့လာ၊
ဗဟုသုတ တိုးစေမှာ
ရယူပါ ကုသိုလ်လည်း၊
မြန်မာတို့ရဲ့ သမိုင်းအမွေ
ပုဂံမြေကို အရောက်သာလှမ်း
ကမ်းလျက်ကြိုမြဲ။ ။

**ထက်သခင်(သုံးဆယ်)**

# မိုးနဲမြို့နယ် ကုန်းကျောင်းကျေးရွာ၌ လူသုံးကုန်၊ အလှကုန်ထုတ်လုပ်နည်းသင်တန်းဆင်း

**မိုးနဲ ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းကျောင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်၊ အလှကုန်ထုတ်လုပ်နည်းသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပေးသော အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းကာလ ပြီးမြောက်အောင် တက်ရောက်ခဲ့ကြသော သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါသင်တန်းကို မိုးနဲမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာမနှစ်ဦးက ခေါင်းလျှော်ရည်အမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုးနှင့် ဘက်စုံသုံးဆပ်ပြာပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့ဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သံသာ**

ခရီးသွားဆောင်းပါး

# ကွမ်းလုံမှ ချင်းရွှေဟော်သို့

သက်နိုင်(ပြင်ဦးလွင်)

လေ့လာရေးနဲ့ အလည်အပတ်ခရီးစဉ်အဖြစ် ထွက်ခွာလာခဲ့ကြတာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ကို ရောက်ရှိနေကြပါပြီ။ ကွမ်းလုံမြို့က သံလွင်မြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ တည်ရှိနေတယ်။ ကွမ်းလုံဆိုတာ ရှမ်းတိုင်းရင်းသားဘာသာစကားနဲ့ ကျွန်းကြီးလို့ အဓိပ္ပာယ်ရနေတယ်။ ကွမ်းလုံမြို့လို့ ဖြစ်ပေါ်လာမဲ့နေရာမှာ နမ့်တင်းချောင်းနဲ့ နမ့်နင်းချောင်းတွေက ကွေ့ဝိုက်ပြီး သံလွင်မြစ်အတွင်းကို စီးဝင်နေကြတာကြောင့် ကွမ်းလုံမြို့က ရေပတ်လည်ဝိုင်းရံနေပြီး ကျွန်းကြီးတစ်ကျွန်းလို ဖြစ်နေတယ်။ ဒါကြောင့်မို့လဲ ကားမောင်းလာရင်းနဲ့ သံလွင်မြစ်ကို စောစောတုန်းက ဖြတ်သန်းလာခဲ့ပြီးပါပြီ။ ဒီသံလွင်မြစ်ကြီးက ဘယ်ကနေဘယ်လို ကွေ့ဝိုက်စီးဆင်းလာပြီး ဒီနေရာကို ပြန်ရောက်လာရတာလဲဆိုပြီး ထင်မှတ်မှားနေရတယ်။ အမှန်က သံလွင်မြစ်မဟုတ်တော့ဘဲ နမ့်တင်းနဲ့ နမ့်နင်းချောင်းကြီးတွေပါ။ ချောင်းတွေက သာမန်မဟုတ်ဘဲ ကျယ်ဝန်းနေတာကြောင့် မြစ်အဖြစ် ထင်မှတ်မှားသွားရတော့တယ်။

ကွမ်းလုံကို အရင်တုန်းက နယ်စပ်ကူးတို့ဆိပ်အဖြစ်နဲ့သာ သိရှိခဲ့ကြတယ်။ ဒါကြောင့် ကွမ်းလုံကူးတို့ဆိပ်၊ ကွမ်းလုံရွာ အကောက်တော်စခန်းဆိုပြီး ခေါ်ဆိုခဲ့ကြတယ်။ ၁၉၇၁ ခုနှစ် နိုဝင်ဘာလက ဗမာပြည် ကွန်မြူနစ်ပါတီနဲ့ တိုက်ခိုက်ခဲ့ရတဲ့ ဟိုက်ကမ်းပါးတိုက်ပွဲက ၄၂ ရက်ကြာခဲ့ပြီး ကွမ်းလုံရက် ၄၀ တိုက်ပွဲလို့ နာမည်ကြီးပါတယ်။ ကွမ်းလုံမြို့ရဲ့ အမှတ်သင်္ကေတ၊ အထင်ကရနဲ့ နာမည်ကျော်ကြားတာကတော့ ကွမ်းလုံကြိုးတံတားပါ။ သံလွင်မြစ်ကူးကြိုးတံတားကြီးကို အရင်တုန်းက ကြိမ်နွယ်ကြိုးတွေနဲ့ တည်ဆောက်ထားခဲ့ရပြီး နောက်ပိုင်းကာလတွေရောက်မှ အခုလို အခိုင်အမာပြန်လည်တည်ဆောက်ထားခဲ့ရတယ်။ ဒါပေမဲ့ နောက်ထပ်အသစ်ထပ်မံတည်ဆောက်နေတဲ့ တံတားသစ်ကြီးတစ်စင်းကိုလဲ မြင်တွေ့ခဲ့ရတယ်။

ကွမ်းလုံမြို့က ပင်လယ်ရေမျက်နှာပြင်အမြင့် ၁၄၁၃ ပေသာရှိတဲ့ လွင်ပြင်ကျယ်မြို့ငယ်လေးတစ်မြို့ပါ။ မြို့တွင်းမှာ ကားလမ်းတွေကျဉ်းပြီး ယာဉ်ကြောရှုပ်ထွေး၊ ပြည့်ကျပ်နေတာတွေ၊ ပိတ်ဆို့နေတာမျိုးတွေ မကြာခဏဖြစ်ပေါ်လေ့ရှိနေတယ်။ မြန်မာကျပ်ငွေနဲ့ တရုတ်ယွမ်ငွေကို လဲလှယ်ယူဖို့အတွက် မိမိရဲ့ခွေးဘီလူးကားလေးကို ခဏတာရပ်နားထားရတာတောင် ဆိုင်နဲ့အလှမ်းဝေးတဲ့နေရာလွတ်တစ်ခုမှာ သွားရပ်ထားခဲ့ရတယ်။ မြန်မာငွေနဲ့ တရုတ်ငွေလဲ၊ လိုအပ်တဲ့ပစ္စည်းတွေဝယ်၊ ရှေ့ခရီးစဉ်လမ်းကြောင်းအတွက် မေးမြန်းစုံစမ်းသင့်တာတွေကို မေးမြန်းပြီး ကွမ်းလုံမြို့ကနေ ထွက်ခွာလာတော့ ညနေ ၅ နာရီထိုးခါနီးနေပါပြီ။ ကွမ်းလုံကနေ ချင်းရွှေဟော်မြို့ရောက်အောက် နောက်ထပ် ၁၁ မိုင်ကျော်မောင်းနှင်ရပါဦးမယ်။

ညနေပိုင်းမှာ ကားကြီး၊ ကားငယ်တွေ၊ ဒေသခံဆိုင်ကယ်တွေ၊ ဈေးရောင်းဈေးဝယ်တွေနဲ့ စည်ကားနေတဲ့ ကွမ်းလုံမြို့တွင်းကနေ သတိထားကားမောင်းလာရင်း ဘေးပတ်ဝန်းကျင်တွေကို လေ့လာကြည့်ရှုရင်းနဲ့ မကြာခင်မှာ မြို့ပြင်ကို ရောက်လာကြတယ်။ ကွမ်းလုံမြို့ပြင်ကို ရောက်လာတာနဲ့ ကားလမ်းပေါ်မှာလဲ အသွားအလာတွေရှင်းလင်းသွားပြီး ကားကို စိတ်တိုင်းကျမောင်းနှင်လို့ရသွားတယ်။ လမ်းက အနည်းငယ်ကျဉ်းနေပေမဲ့ နိုင်လွန်ကတ္တရာခင်းလမ်းပါ။ တစ်ခါတစ်ခါ လမ်းဘေးတစ်လျှောက်မှာ နမ့်တင်းချောင်းလား၊ နမ့်နင်းချောင်းလားဆိုပြီး သဲသဲကွဲကွဲ မသိရှိရတဲ့ ချောင်းကြီးတစ်ချောင်းကို ပေါ်လိုက် ပျောက်လိုက် တွေ့မြင်နေရတယ်။

ချင်းရွှေဟော်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာ အသိမိတ်ဆွေတစ်ယောက်ရှိနေလို့ ကြိုတင်ဖုန်းဆက်အကြောင်းကြားလိုက်တော့ မြို့အဝင်ဂိတ်မှာ လာရောက်စောင့်ကြိုနေမယ်ဆိုတာကြောင့် ချင်းရွှေဟော်မြို့ရောက်အောင် မောင်းနှင်သွားလိုက်တယ်။ လမ်းတစ်လျှောက်မှာ ရွာငယ်လေးတွေ၊ သစ်ပင်တောတန်းလေးတွေ၊ တောင်ကုန်း၊ တောင်တန်းတွေကိုသာ တွေ့မြင်လာရတယ်။ ချင်းရွှေဟော်မြို့ကို နီးကပ်လာတာနဲ့အမျှ မြစ်လား၊ ချောင်းလားမသိသေးတဲ့ ရေပြင်ကျယ်ကြီးတစ်ခုကို တွေ့မြင်နေရတယ်။ အနေအထားက မြစ်ငယ်မြစ်ခေါ် ဒုဋ္ဌဝတီမြစ်လောက် ကျယ်ဝန်းပါတယ်။ ထူးခြားမှုအနေနဲ့ တစ်ဖက်ကမ်းမှာ ရေတိုက်စားပြီး မြေပြိုမှုတွေမရှိနိုင်အောင် ကမ်းတစ်လျှောက်လုံးကို ကွန်ကရစ်မြေထိန်းနံရံတွေ တည်ဆောက်ထားတယ်။ ဒီဘက်ကမ်းမှာတော့ ဘာမြေထိန်းနံရံတွေမှမရှိဘဲ သဘာဝမြေသားတွေသာ ရှိနေကြတယ်။

ဒီခရီးစဉ်ကို သွားမယ်ဆိုကတည်းက နယ်မြေဒေသမြို့ရွာအလိုက် မြေပုံတွေကို သေသေချာချာ ကြည့်ရှုထားပြီးဖြစ်လို့ ချင်းရွှေဟော်မြို့က တရုတ်နိုင်ငံနဲ့ အလွန်နီးကပ်နေကြောင်း သိထားရတယ်။ အခြေအနေပုံသဏ္ဌာန်ကလဲ တစ်ဖက်ကမ်းက




တရုတ်နိုင်ငံဖြစ်နေနိုင်တယ်။ ဒါကြောင့် ကားကို ခဏရပ်လိုက်ပြီး လမ်းမှာရှိနေတဲ့လူတစ်ယောက်ကို မေးမြန်းကြည့်တော့ နမ့်ဖဟော်ချောင်းဖြစ်ကြောင်းနဲ့ တစ်ဖက်ကမ်းက တရုတ်နိုင်ငံ၊ ဒီဘက်ကမ်းက မြန်မာနိုင်ငံဖြစ်ကြောင်း ဝယနဏသိလိုက်ရတယ်။ တာချီလိတ်မြို့ကို ရောက်ခဲ့တုန်းကလဲ ထိုင်းနိုင်ငံဘက်ကမ်းက မဲခေါင်မြစ်တစ်လျှောက် ဒီလိုပဲ မြေထိန်းနံရံတွေ တည်ဆောက်ထားတာကို တွေ့မြင်ခဲ့ရတယ်။ ရေတိုက်စားမှုတွေ၊ မြေပြိုမှုတွေဖြစ်ရင် သူတို့ရဲ့ မြေတွေကို တစ်လက်မမှ အဆုံးရှုံးမခံရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားကြတာပါ။

ချင်းရွှေဟော်မှာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံကို နမ့်ဖဟော်ချောင်းက နယ်နိမိတ်ပိုင်းခြားထားတယ်။ မြန်မာနိုင်ငံဘက်မှာ ချင်းရွှေဟော်မြို့ဖြစ်နေတာကြောင့် လူနေတိုက်တာ အဆောက်အအုံတွေနဲ့ စည်ကားနေပြီး တရုတ်နိုင်ငံဘက်မှာ သစ်ပင်တွေစိုက်ပျိုးထားတာကိုသာ တွေ့မြင်နေရတယ်။ သစ်ပင်တွေကို သေသေချာချာသတိထားကြည့်တော့ ရော်ဘာပင်တွေဖြစ်နေတာကို သိရှိလိုက်ရတယ်။ တောင်ကုန်းတွေ၊ တောင်တန်းတွေတိုင်းမှာ ရော်ဘာပင်တွေကို စနစ်တကျ စိုက်ပျိုးထားရှိပြီး လူနေအိမ်တွေနဲ့အတူ မြို့ရွာပုံစံမျိုးတွေ မတွေ့ရပါဘူး။ မြန်မာနိုင်ငံနဲ့ ထိစပ်နေတဲ့ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ လာအို စတဲ့နိုင်ငံ နယ်စပ်တွေကို ရောက်ဖူးခဲ့သမျှထဲမှာ ကျန်တဲ့နေရာတွေအားလုံး နှစ်နိုင်ငံနယ်စပ်မြို့တွေအဖြစ် သွားလာလှုပ်ရှားစည်ကားနေလေ့ရှိကြပေမဲ့ အခု ချင်းရွှေဟော်မြို့မှာ တရုတ်နိုင်ငံဘက်ခြမ်းက ဘာမှမရှိဘဲ ရော်ဘာပင်တောတွေနဲ့သာ တိတ်ဆိတ်ခြောက်ကပ်နေတာက ထူးခြားနေတယ်။

နမ့်ဖဟော်ချောင်းတစ်လျှောက်က တရုတ်နိုင်ငံမြင်ကွင်းကိုကြည့်ပြီး ကားမောင်းလာရင်းနဲ့ ချင်းရွှေဟော်မြို့အဝင်ဂိတ်ကို ရောက်လာခဲ့တယ်။ ဂိတ်အဝင်မှာ ပထမဦးဆုံးအနေနဲ့ နှံ့သာရောင် ယူနီဖောင်းဝတ် လူငယ်အမျိုးသားတစ်ယောက်ကို တွေ့ရတယ်။ သူက ပါးစပ်ကနေ ဘာမှမပြောဘဲ လက်ညှိုးတစ်ချောင်း ထောင်ပြတာကြောင့် လားရှိုးမြို့က အစ်ကိုဝမ်းကွဲပြောပြထားတဲ့အတိုင်း မြို့အဝင်ဂိတ်ရောက်ရင် တရုတ်ယွမ်ငွေ ၁၀ ပေးရတယ်ဆိုတဲ့အသိနဲ့ တရုတ်ယွမ် ၁၀ ကို ထုတ်ပေးလိုက်တယ်။ သူကလဲ စာရွက်ပိုင်း လက်မှတ်လေးတစ်စောင်ပြန်ပေးတယ်။

စာရွက်ပေါ်မှာ မြန်မာဘာသာ၊ တရုတ်ဘာသာတွေနဲ့အတူ အင်္ဂလိပ်ဂဏန်း (10)ဆိုတာကို စာလုံးကြီးကြီးနဲ့ ထင်ထင်ရှားရှားရေးသားထားတယ်။ တရုတ်ဘာသာနဲ့ ဘာတွေရေးသားထားမှန်းမသိပေမဲ့ မြန်မာဘာသာနဲ့ “ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့ပြစနစ်ဌာန” လို့ ရေးသားထားတာကို တွေ့ရတယ်။ ချင်းရွှေဟော်ကစပြီး လောက်ကိုင်၊ ကုန်းကြမ်းမြို့တွေက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေဖြစ်နေသလို လောက်ကိုင်က ခရိုင်မြို့ဖြစ်ပါတယ်။

မြို့အဝင်ဂိတ်မှာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မိတ်ဆွေတစ်ဦးက လာရောက်စောင့်နေမယ်ဆိုတာကြောင့် ပိုမိုတိကျသေချာသွားအောင် နှံ့သာရောင်ယူနီဖောင်းဝတ်လူငယ်ကို “ဒါက မြို့အဝင်ဂိတ်ဟုတ်ပါသလား၊ တခြားဂိတ်တွေရှိသေးလား”ဆိုပြီး မေးမြန်းကြည့်တော့ လက်ခါပြပြီး ရှေ့ ပေ ၂၀ လောက်အကွာမှာရှိနေတဲ့ မြန်မာလူမျိုး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ယောက်ကို လက်ညှိုးထိုးလိုက်တယ်။ ချက်ချင်းသဘောပေါက်မိလိုက်တာက နှံ့သာရောင်ယူနီဖောင်းဝတ်လူငယ်က မြန်မာစကားမတတ်ဘူးဆိုတာပါ။ လောက်ကိုင်မြို့ကိုသွားမယ်ဆိုတော့ မိတ်ဆွေတချို့က လောက်ကိုင်မြို့မှာ မြန်မာကျပ်ငွေကိုလဲ မသုံးစွဲဘူး။ မြန်မာစကားကိုလဲ မပြောမဆိုကြဘူး ဖြစ်ပါ့မလားလို့ သတိပေးပြောဆိုခဲ့ကြတယ်။ မိမိက ကိစ္စမရှိဘူး တပည့်တွေနဲ့ မိဘတွေရှိတယ်ဆိုပြီး အကြောက်အလန့်မရှိ ရဲရဲဝံ့ဝံ့ထွက်ခွာလာခဲ့တာပါ။ အခု လောက်ကိုင်မြို့မရောက်ခင် ချင်းရွှေဟော်မြို့ကတည်းက မြန်မာစကားမတတ်သူတွေနဲ့ ကြုံတွေ့နေရပါပြီ။

တာဝန်ကျလူငယ်ကို ကျော်လွန်မောင်းနှင်လိုက်ပြီး နောက်ထပ်မြန်မာလူမျိုး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ယောက်ကို ဘာမှ မေးမြန်းစုံစမ်းခြင်းမပြုရသေးခင် ရှေ့မှာ အသင့်ရပ်စောင့်နေတဲ့ မိတ်ဆွေကို တွေ့မြင်လိုက်ရတာကြောင့် သူ့ဆီရောက်အောင် ကားမောင်းသွားလိုက်တယ်။ လောက်ကိုင်မြို့ရောက်အောင် အချိန်မီမောင်းနှင်ရအုံးမှာမို့ ခဏလောက်သာ စကားပြောနှုတ်ဆက်ရင်း ပေးစရာလက်ဆောင်ပစ္စည်းတွေ ပေးခဲ့ရင်း၊ အပြန်မှဝင်တော့မယ်ဆိုပြီး မြို့ဝင်ဂိတ်ကနေ ကားမောင်းထွက်ခဲ့ရတယ်။ ဂိတ်ကိုကျော်လွန်လာပြီး ကားရှင်းတဲ့နေရာကိုရောက်တော့ လောက်ကိုင်မြို့မှာ ရှိတဲ့ ကျောင်းသားမိဘတွေကို ဖုန်းနဲ့ဆက်သွယ်ပြီး ချင်းရွှေဟော်ရောက်ပြီဆိုတာကို အကြောင်းကြားထားလိုက်တယ်။

ချင်းရွှေဟော်မြို့က ကွမ်းလုံမြို့ထက် ပိုမိုသေးငယ်ပါတယ်။ မြို့တွင်းဝန်းကျင်နေရာ စုစုဝိုင်းဝိုင်းလေးမှာသာ စည်ကားနေပြီး ကျန်တဲ့နေရာတွေမှာ ဘာမှမရှိကြပါဘူး။ မြို့တွင်း၊ မြို့လယ်နေရာတွေမှာ ဆိုင်ကြီးတွေ၊ ဟိုတယ်ကြီးတွေ၊ အဆောက်အအုံကောင်းကောင်းမြင့်မြင့်ကြီးတွေကို တွေ့မြင်နေရတယ်။ မြို့တည်ခါစအချိန်တွေတုန်းက သတင်းစာ၊ ဂျာနယ်၊ စာစောင်တွေထဲမှာ တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးစည်ကားလာသော ချင်းရွှေဟော်ဆိုပြီး ရေးသားဖော်ပြတာတွေကို မြင်ရ၊ ဖတ်ရ၊ ကြားခဲ့ရပါတယ်။ တိုက်တာအဆောက်အအုံ ခံ့ခံ့ညားညား ကြီးကြီးမားမားတွေ၊ ရောင်စုံမီးတွေနဲ့ လှလှပပသာသာယာယာတွေက မရောက်ဖူးသေးတဲ့သူတွေကို သွားချင်၊ လာချင်၊ ရောက်ချင်လောက်အောင် ဆွဲဆောင်နေပါတယ်။ ဒါပေမဲ့ အခု မိမိကိုယ်တိုင် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတဲ့အချိန်မှာ မြို့ကသေးသေးငယ်ငယ်လေးဖြစ်နေတယ်။ စာစောင်တွေ၊ ဓာတ်ပုံတွေထဲမှာ မြင်တွေ့ခဲ့ရတဲ့ ချင်းရွှေဟော်နဲ့ အခုချင်းရွှေဟော်က အလွန်ကွာခြားနေပါတယ်။

ချင်းရွှေဟော်မြို့ကို တစ်ခဏတာ မိနစ်အနည်းငယ်သာ ဖြတ်ကျော်မောင်းနှင်လာခဲ့ရပြီး မြို့ပြင်ကိုရောက်ရှိလာကြတယ်။ လောက်ကိုင်မြို့ရောက်အောင် နောက်ထပ် ၂၁ မိုင် ထပ်မံမောင်းနှင်ရပါအုံးမယ်။ ချင်းရွှေဟော်မြို့ကို ကျော်လွန်လာပြီး မကြာခင်မှာ အကွေ့အကောက်၊ အတက်အဆင်းတွေများပြားလာတာကို တွေ့ရတယ်။ ချင်းရွှေဟော်မြို့ရဲ့ ပင်လယ်ရေမျက်နှာပြင်အမြင့်က ၁၄၁၃ ပေ၊ လောက်ကိုင်မြို့က ပေ ၃၁၀၀ မြင့်နေတာကြောင့် လားရှိုးမြို့က အစ်ကိုဝမ်းကွဲ သတိပေးပြောဆိုလိုက်တဲ့အတိုင်း အတက်ခရီးရှည်ကြီးတွေကို စတင်မောင်းနှင်ရပါတော့မယ်။ အတက်လမ်းတွေက မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုးနဲ့ တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်ရစ်ပြီး တစ်ရစ်၊ တစ်ကွေ့ပြီး တစ်ကွေ့ တက်ရောက်လာရတယ်။ လမ်းတစ်လျှောက်မှာ လူနေအိမ်ခြေတွေ၊ရွာတွေထက် သစ်ပင်တောတန်းတွေ၊ တောင်ကုန်းတောင်တန်းတွေကို ပိုမိုတွေ့မြင်လာရတယ်။ လမ်းအခြေအနေက ကတ္တရာခင်းလမ်းကျဉ်း လမ်းကောင်းပါ။

လမ်းအတိုင်း မောင်းနှင်တက်ရောက်လာရင်း ဂီယာကို မကြာခဏပြောင်းလဲထိုးယူရတဲ့နေရာတစ်ခုကိုရောက်တော့ အဓိကအတက်ကြီး သုံးခုထဲက ပထမအတက်ကြီးဖြစ်မယ်ဆိုတာကို ခန့်မှန်းမိလိုက်တယ်။ အတက်က ရှည်လဲရှည်၊ မြင့်လဲမြင့်နေတယ်။ ပထမအတက်ကြီးကို အောင်မြင်စွာတက်ရောက်ပြီးတာနဲ့ မကြာခင်မှာ ပိုပြီးမြင့်၊ ပိုပြီးရှည်တဲ့ ဒုတိယအတက်ကြီးကို ရှောင်ကွင်းလမ်းအတိုင်း မောင်းနှင်လာခဲ့လိုက်တယ်။ ဒုတိယအတက်ကြီးက ရှောင်ကွင်းလမ်းကနေ ကွေ့ဝိုက်မောင်းနှင်ရတယ်သာဆိုတယ် အလွန်မြင့်မားမက်စောက်နေတယ်။ ရှောင်ကွင်းလမ်းမဟုတ်ဘဲ ပုံမှန်လမ်းကြောရှည်ကြီး အတိုင်းသာဆိုရင် ဘယ်လောက်ထိ မြင့်မားမက်စောက်မလဲ မသိနိုင်ပါဘူး။ တက်လာသမျှ ကားတွေအားလုံးကလဲ ပုံမှန်လမ်းက မတက်ကြဘဲ ရှောင်ကွင်းလမ်းက တက်လာကြတာကို တွေ့မြင်နေရတယ်။ အချိန်က နေဝင်သွားတာကြာခဲ့ပြီး အလင်းရောင်တစ်ပိုင်းတစ်စ အနည်းငယ်လောက်ကျန်ရှိနေတော့တဲ့အချိန်ပါ။ ဒီအချိန်မှာ ကားမီးလုံးအသေးကို မြင်သာအောင်ဖွင့်ပြီး ဒုတိယအတက်ကြီးကို ရှန်းကန်တက်ရောက်မောင်းနှင်နေရတယ်။ မြင်ရသမျှ အလင်းရောင်နဲ့ လမ်းဘေးဝဲ၊ ယာကို သတိထားကြည့်မိတော့ တောတွေ၊ တောင်တွေ၊ လျှိုမြောင်တွေကိုသာ မြင်တွေ့နေရတယ်။ တရိပ်ရိပ်ပြေးလွှားနေတဲ့ကားလေးနဲ့အတူ ချင်းရွှေဟော်မြို့က အနောက်မှာ တဖြည်းဖြည်းဝေးကျန်ရစ်ခဲ့ပြီး လောက်ကိုင်မြို့ရှိရာကို ပိုမိုနီးကပ်လာပြီထင်ပါတယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ များကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

# ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၂၂၂၃၀ စိုက်ပျိုးပြီးစီး



**ဒေးဒရဲ ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၂၂၂၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၇၆၅၃၀ လျာထားပြီး ယခုနှစ်ဇန်နဝါရီလပထမပတ်က စတင်စိုက်ပျိုးလျက်ရှိရာ ယနေ့ထိ နွေစပါးဧက ၂၂၂၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုးရန်ကျန်သည့် နွေစပါးလျာထားဧကများကိုလည်း ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် နွေစပါးစိုက်တဲ့ရာသီမှာ နွေစပါးလျာထားဧက ၇၆၅၃၀ လျာထားစိုက်ပျိုးနေပါတယ်။ နွေစပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေနဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေက စပါးမစိုက်မီလိုအပ်တာတွေ ကြိုတင်ပြင်ဆင်ဆွေးနွေး လုပ်ဆောင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ကလဲ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့ စိုက်ပျိုးရေးနည်းစနစ်တွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက် ပေးတာကြောင့်လဲ လက်ရှိ လျာထားဧကရဲ့ ထက်ဝက်လောက် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့နွေစပါးတွေကို ဆက်လက်စိုက်ပျိုးသွားမှာပါ”ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၇၆၅၃၀ တွင် ညွှန်မထ၊ ရက် ၉၀ စသည့် စပါးမျိုးများကို အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစပါးမျိုးများသည် ဒေသဈေးကွက်အခိုင်အမာရှိပြီး ယခုနှစ် နွေစပါးကို စပါးတစ်ဧကလျှင် တင်း ၉၀ အထက် ထွက်ရှိစေရန် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများကို စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာများကို စနစ်တကျအသုံးပြုတတ်စေရန်၊ အစားထိုး ဓာတ်မြေဩဇာများ လုပ်ဆောင်အသုံးပြုတတ်စေရန် နည်းပညာပေးလုပ်ငန်းများ ပို့ချပေးနေကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

---

# ကော့သောင်းမြို့နယ် စိုင်ဒင်းခေတ်မီစံပြကျေးရွာ၌ RBFစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကော့သောင်း ဖေဖော်ဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စိုင်ဒင်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြယမုံဖူးနှင့် တာဝန်ခံဝန်ထမ်းများက စိုင်ဒင်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေဖြင့် ဝက်သားပေါက်မွေးမြူရေးလုပ်ငန်း၊ ရော်ဘာပြားဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ကွမ်းသီးအမှည့်၊ အခြောက်ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

စိုင်ဒင်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ဝက်သားပေါက်မွေးမြူခြင်း၊ ရော်ဘာပြားဝယ်ယူရောင်းချခြင်း၊ ကွမ်းသီးအမှည့်၊ အခြောက်ရောင်းဝယ်ခြင်း စသည့်လုပ်ငန်းများကို အသင်းအဖွဲ့ဖြင့် စုပေါင်းစီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် တိုးတက်ရေး၊ တိုးတက်အောင်၊ အောင်ပြည့်စုံ၊ ကြံ့ကိုင်းအောင် အဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ် ၇၅ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြယမုံဖူးက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ အဲဗာတန်၊ ဘက်တစ်နဲ့ အင်တာမီလန်အသင်းတို့ကို ရွေးချယ်ရမှာပါ



လက်ရှိ ဥရောပအမှတ်ပေးပြိုင်ပွဲတွေမှာ ပွဲစဉ် ၂၀ ကျော်လာတာကြောင့် ကလပ်အသင်းအများစုဟာ ကစားကွက်ပိုင်းအထိုင်ကျလာတာကို တွေ့ရမှာပါ။ ဒါပေမဲ့ ကစားသမားစုဖွဲ့မှု အားနည်းချက်ရှိတဲ့ အသင်းတွေနဲ့ နည်းပြအပြောင်းအလဲများနေတဲ့ အသင်းတွေကတော့ ရလဒ်ကောင်းဖို့ ရုန်းကန်နေရပြီး တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ကြိုးပမ်းနေကြတာလဲဖြစ်ပါတယ်။ စနေနေ့ညမှာကစားမဲ့ပွဲစဉ်တွေမှာတော့ အိမ်ကွင်းအားသာချက်နဲ့ အိမ်ကွင်းခြေစွမ်းပိုင်းတည်ငြိမ်တဲ့အသင်းတွေကိုသာ ရွေးချယ်သွားရမှာဖြစ်ပါတယ်။

### အဲဗာတန်အသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အဲဗာတန်အသင်းနဲ့ လိဒ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ် မာဆေးဆိုဒ်ဒါဘီမှာ လီဗာပူးကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်ဟာ မဖြစ်မနေရမှတ်လိုအပ်နေတာကို တွေ့ရမှာပါ။ ဒ့ပြင် အခုပွဲစဉ်ဟာလဲ ခြေရည်တူအသင်းဖြစ်တဲ့ လိဒ်နဲ့တွေ့ဆုံနေသလို အမှတ်ပေးဇယားအပေါ်၊ အောက် နှစ်သင်းတွေ့ဆုံနေတာကြောင့် နည်းပြဒိုက်ချီအနေနဲ့ အခုပွဲစဉ်ကို နိုင်ပွဲရှာနိုင်ဖို့ တန်းဆင်းဇုန်ကလွတ်ဖို့ အခွင့်အရေးရှိနေတာလဲဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ နည်းပြလမ်းပတ်ကို ထုတ်ပယ်ခဲ့ပြီးနောက်ပိုင်း နည်းပြဒိုက်ချီကို ခန့်အပ်ခဲ့ချိန်မှာပဲ အသင်းရဲ့ခံစစ်ကစားပုံ သိသိသာသာတိုးတက်လာခဲ့ပြီး ပထမဆုံးကိုင်တွယ်ခဲ့တဲ့ပွဲစဉ်မှာ အာဆင်နယ်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ကစားသွားခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ဇန်နဝါရီအပြောင်းအရွှေ့မှာ ခြေစွမ်းပြကစားသမား ဂေါ်ဒွန်ကိုရောင်းချခဲ့ပေမဲ့ တိုက်စစ်ပိုင်းမှာ ဒီမာဂရေး၊ အီဝိုဘီ၊ မက်နေးလ်၊ မူပေးတို့ရှိနေတာကို တွေ့ရမှာပါ။ ဒီမာဂရေးကတော့ လက်ရှိအချိန်ထိ သုံးဂိုးသွင်းယူထားပြီး အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်နေတာဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ နှစ်ရာသီဆက်တိုက် လိဒ်အသင်းနဲ့တွေ့ဆုံခဲ့တဲ့ ပွဲစဉ်တွေမှာလဲ ရှုံးပွဲမရှိဘဲ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

လိဒ်အသင်းကတော့ နည်းပြဂျက်ဆီမက်ကို ထုတ်ပယ်ခဲ့ပြီးနောက်ပိုင်း ယာယီနည်းပြတွေနဲ့သာ ဆက်လက်ပြိုင်ပွဲဝင်နေတာဖြစ်ပါတယ်။ ထူးခြားချက်ကတော့ သူတို့အသင်းဟာ ယာယီနည်းပြသုံးယောက်ထိ ခန့်အပ်ထားပြီး အလှည့်ကျ တာဝန်ပေးနေတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ မန်ယူအသင်းနဲ့ပွဲစဉ်မှာတော့ ယာယီနည်းပြ စကူဘာလာ ကိုင်တွယ်ခဲ့ပေမဲ့ အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ ၄-၂-၃-၁ ကစားကွက်နဲ့ မန်ယူအသင်းကို အပြန်အလှန်ဖိအားပေးနိုင်ခဲ့တာကြောင့် ပထမပိုင်းမှာ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ဒုတိယပိုင်းမှာ ခံစစ်ပိုင်းအားနည်းသွားတာကို တွေ့ရမှာပါ။ ဒါကြောင့် ပြိုင်ဘက်မန်ယူအသင်းဟာ တိုက်စစ်ဆင်မှုပိုလုပ်နိုင်ခဲ့ပြီး ပွဲချိန်မိနစ် ၈၀ နဲ့ ၈၅ မိနစ်မှာ ဦးဆောင်ဂိုးတွေရခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ တိုက်စစ်မှူး ဘမ်းဖို့ဒ် ပြန်လည်ပါဝင်နိုင်ပေမဲ့ ရှိဒရီဂို၊ ဆီနီစတာရာ၊ ဒဲလ်လက်တို့ မပါနိုင်တာကြောင့် တိုက်စစ်ကျဆင်းနေသလို ခံစစ်ပိုင်းကလဲ စထရိုက်၊ ကူးပါး၊ ရိုကာတို့ ပါဝင်နိုင်တာမရှိလို့ ခံစစ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်မှုမရှိသေးပါဘူး။ အခုပွဲစဉ်မှာလဲ နှစ်သင်းစလုံးရှုံးလို့မရတဲ့အခြေအနေဖြစ်နေပေမဲ့ အဲဗာတန်အသင်းက အိမ်ကွင်းအားသာချက်နဲ့ နည်းစနစ်ပိုင်း အားသာချက်တွေရှိနေတာကြောင့် အဲဗာတန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၂ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၂ | ဆောက်သမ်တန် |
| ဝက်စ်ဟမ်း | ၂ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၀ | အာဆင်နယ် |
| လီဗာပူး | ၂ | - | ၀ | အဲဗာတန် |

**လိဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိဒ် | ၀ | - | ၀ | ဘရန့်ဖို့ဒ် |
| အက္ကရင်တန် | ၁ | - | ၃ | လိဒ် |
| နော့တင်ဟမ် | ၁ | - | ၀ | လိဒ် |
| မန်ယူ | ၂ | - | ၂ | လိဒ် |
| လိဒ် | ၀ | - | ၂ | မန်ယူ |

### ဘက်တစ်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဘက်တစ်နဲ့ ဗယ်လာဒိုးလစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ လာလီဂါမှာ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့ အသင်းတွေထဲမှာပါဝင်ခဲ့ပေမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးမှာတော့ ခြေစွမ်းပိုင်းကျဆင်းသွားခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိသူတို့အသင်းရဲ့ ၄-၂-၃-၁ ကစားကွက်ဟာ အသားကျနေပေမဲ့ ကစားပုံကြမ်းတမ်းမှုရှိနေတာကြောင့် အခုပွဲစဉ်ကို အာရုံစိုက်ကစားနိုင်မယ်ဆိုရင် နိုင်ပွဲရှာဖို့မခက်ပါဘူး။ ဘက်တစ်အသင်းဟာ အခုရာသီ အိမ်ကွင်းတိုက်စစ် ထက်မြက်လာပေမဲ့ ခံစစ်အားနည်းချက်ကြောင့် ၁၀ ပွဲမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးခဲ့ပြီး ခံစစ်က ပေးဂိုး ၁၁ ဂိုးရှိခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ အမှတ်ပေးပွဲ ၂၁ ပွဲအပြီးမှာတော့ ရမှတ် ၃၄ မှတ် နဲ့ အဆင့်(၅) နေရာရောက်ရှိနေသလို အဆင့်(၄) က အေတီကိုအသင်းနဲ့ ရမှတ်ခြောက်မှတ်သာကွာဟတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတာလဲဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ဂျူအန်ခရုဇ်ကလွဲရင် အဓိကကစားသမားအားလုံး ပါဝင်နိုင်မှာဖြစ်လို့ ကစားပုံကောင်းလာမှာ သေချာပါတယ်။

ဗယ်လာဒိုးလစ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၂၁ ပွဲအပြီးမှာ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ၁၁ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၄ မှတ်ထိ စုဆောင်းနိုင်ခဲ့ပြီး အဆင့် (၁၃) မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ကစားသမားစုဖွဲ့မှု အားနည်းပေမဲ့ ခြေရည်တူအသင်းတွေနဲ့ဆို ရလဒ်ကောင်းအောင် ကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းရဲ့ တိုက်စစ်ကို လီယွန်က ဦးဆောင်နေပြီး သွင်းဂိုး ငါးဂိုးထိ သွင်းယူထားပေမဲ့ ဇန်နဝါရီအပြောင်းအရွှေ့မှာ ဘရဂျက်က ခေါ်ယူထားတဲ့ လာရင်က နောက်ဆုံးသုံးပွဲမှာ နှစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြသနေတာကို တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းနည်းပြ ပါချီတာကလဲ ၄-၂-၃-၁ ကစားကွက်ကိုသာ အထိုင်ချကစားနေတာကြောင့် ဘက်တစ်နဲ့ ကစားကွက်တူနေပေမဲ့ ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းမှာတော့ ဘက်တစ်ရဲ့ ကစားသမားစုဖွဲ့မှုကို ယှဉ်လို့မရသလို နည်းပြနှစ်ယောက်ရဲ့ အတွေ့အကြုံနဲ့ ပြိုင်ပွဲအပေါ် ချဉ်းကပ်တဲ့ နည်းဗျူဟာမှာလဲ ဘက်တစ်ကို ယှဉ်ပြိုင်ဖို့မလွယ်ပါဘူး။ ဒါကြောင့် နောက်ဆုံးအိမ်ကွင်းသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ ဘက်တစ်ရဲ့တိုက်စစ်ပိုင်းကို ဗယ်လာဒိုးလစ်ခံစစ်ပိုင်း ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မလွယ်နိုင်တာကြောင့် ဘက်တစ်အသင်းကိုပဲ အားပေးရမှာပါ။

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အက်စ်ပန်ညို | ၁ | - | ၀ | ဘက်တစ် |
| ဂီတာဖေး | ၀ | - | ၁ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၂ | ဘာစီလိုနာ |
| ဘက်တစ် | ၃ | - | ၄ | ဆဲလ်တာဗီဂို |
| အယ်မာရီယာ | ၂ | - | ၃ | ဘက်တစ် |

**ဗယ်လာဒိုးလစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗယ်လာဒိုးလစ် | ၀ | - | ၁ | ဗယ်လ်ကာနို |
| အေတီကို | ၃ | - | ၀ | ဗယ်လာဒိုးလစ် |
| ဗယ်လာဒိုးလစ် | ၁ | - | ၀ | ဗလင်စီယာ |
| ဆိုစီဒက် | ၀ | - | ၁ | ဗယ်လာဒိုးလစ် |
| ဗယ်လာဒိုးလစ် | ၀ | - | ၀ | အိုဆာဆူနာ |

### အင်တာမီလန်အသင်း အနိုင်ရမှာပါ

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အင်တာမီလန်အသင်းနဲ့ အူဒီးနီးစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိအင်တာမီလန်အသင်းဟာ တိုက်စစ်ပိုင်းကျဆင်းနေပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ် ၁၀ မှတ်ထိရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးဇယား အဆင့် (၂) မှာ ရမှတ် ၄၄ မှတ်နဲ့ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့် (၁) က နာပိုလီနဲ့ ၁၅ မှတ်ထိ ကွာဟနေသလို အဆင့် (၃)၊ (၄)၊ (၅) က အတ္တလန်တာ၊ ရိုးမား၊ အေစီမီလန်တို့နဲ့ ရမှတ်သုံးမှတ်သာ ကွာဟနေတာကြောင့် လာမဲ့ပွဲစဉ်တွေကို အာရုံစိုက်ကစားမှသာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် သေချာမှာပါ။ လက်ရှိ သူတို့အသင်းတိုက်စစ်ပိုင်းမှာတော့ မာတီနက်ဇ်၊ လူကာကူ၊ ကော်ရီယာ၊ ဒီဇစ်ကိုတို့ရှိပေမဲ့ မာတီနက်ဇ်နဲ့ဒီဇစ်ကိုတို့ နှစ်ယောက်သာ ပုံမှန်ဂိုးသွင်းယူနိုင်ခဲ့ပြီး မာတီနက်ဇ်က သွင်းဂိုး ၁၂ ဂိုးထိ ရရှိခဲ့တာဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ အဆင့် (၁) နာပိုလီကို ဖိအားပေးဖို့ကြိုးစားနေပေမဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဇယားအောက်ဆုံးက ဆမ့်ဒိုးရီးယားအသင်းကို အကြိတ်အနယ် ကစားခဲ့ရပြီး ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ကာ ရမှတ်ကွာဟမှု ပိုများသွားတာကြောင့် အခုပွဲစဉ်ဟာ သူတို့အသင်းအတွက် မဖြစ်မနေနိုင်ပွဲရှာရမှာဖြစ်ပါတယ်။

အူဒီးနီးစ်အသင်းဟာ အခုရာသီ အဝေးကွင်း ၁၁ ပွဲကစားခဲ့ရာမှာ လေးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် ၁၅ မှတ်ထိ ရယူခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုနှစ်အတွင်း ကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ တစ်ပွဲသာ အနိုင်ရခဲ့ပြီး အဲဒီပွဲစဉ်ကလဲ တန်းဆင်းဇုန်ထဲက ဆမ့်ဒိုးရီးယားအသင်းကိုသာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ရာသီအစမှာ ရလဒ်ပိုင်းကောင်းမွန်ခဲ့တာကြောင့် ဥရောပဝင်ခွင့်ရဖို့ အခွင့်အရေးရှိခဲ့ပေမဲ့ ခံစစ်ပိုင်းက အူဒိုဂီ၊ တိုက်စစ်က ဘီတိုတို့ ဒဏ်ရာကြုံတွေ့ပြီးနောက်ပိုင်း ပွဲစဉ် (၉) ကစလို့ ပြိုင်ပွဲစုံမှာ တစ်ပွဲသာ အနိုင်ရခဲ့တာကို သတိပြုရမှာပါ။ အဲဒီနိုင်ပွဲကလဲ ဇန်နဝါရီ ၂၂ ရက်မှာ ကစားခဲ့တဲ့ ဆမ့်ဒိုးရီးယားအသင်းကိုပဲဖြစ်ပါတယ်။ လက်ရှိမှာတော့ အူဒိုဂီ၊ ဘီတိုတို့ ပြန်လည်ပါဝင်နိုင်ပေမဲ့ ဒယ်လိုဖူး ဒဏ်ရာကြောင့် မပါနိုင်တော့လို့ တိုက်စစ်ကစားအား ကျဆင်းနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့ အမှတ်ပေးပွဲ ၂၂ ပွဲအပြီးမှာ ခုနစ်ပွဲနိုင်၊ ကိုးပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်နဲ့ ရမှတ် ၃၀ထိရရှိခဲ့ပြီး အဆင့် (၈) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ အင်တာမီလန်အသင်းက အသာရခဲ့သလို အူဒီးနီးစ်ဟာ အင်တာမီလန်နဲ့ကစားခဲ့တဲ့ နောက်ဆုံးအဝေးကွင်းလေးပွဲမှာလဲ နိုင်ပွဲမရခဲ့ပါဘူး။ ဒါကြောင့်အိမ်ရှင်အားသာချက်ရှိတဲ့ ကစားသမားစုဖွဲ့မှုသာလွန်နေတဲ့ အင်တာမီလန်အသင်းပဲ အနိုင်ရသွားမှာပါ။


**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၀ | - | ၁ | အမ်ပိုလီ |
| ခရီမိုနန်စီ | ၁ | - | ၂ | အင်တာမီလန် |
| အင်တာမီလန် | ၁ | - | ၀ | အတ္တလန်တာ |
| အင်တာမီလန် | ၁ | - | ၀ | အေစီမီလန် |
| ဆမ့်ဒိုးရီးယား | ၀ | - | ၀ | အင်တာမီလန် |

**အူဒီးနီးစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၁ | - | ၂ | ဘိုလော့နာ |
| ဆမ့်ဒိုးရီးယား | ၀ | - | ၁ | အူဒီးနီးစ် |
| အူဒီးနီးစ် | ၁ | - | ၁ | ဗီရိုနာ |
| တိုရီနို | ၁ | - | ၀ | အူဒီးနီးစ် |
| အူဒီးနီးစ် | ၂ | - | ၂ | ဆက်ဆူအိုလို |

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွှေချည်ထိုးလုပ်ငန်းများအပါအဝင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာ သုတေသနစာတမ်းများ ဖတ်ကြားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွှေချည်ထိုးလုပ်ငန်းများ အပါအဝင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာသုတေသနစာတမ်းများကို ဖေဖော်ဝါရီ ၂၀ ရက်တွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်တွင် ဖတ်ကြားသွားမည်ဖြစ်ကြောင်း သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး (စီမံ) ဦးအောင်အောင်ကျော်က ပြောပြ၍ သိရသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများဖြစ်သည့် ရေစက်သွန်းချဓလေ့နှင့် ထိမ်းမြားမင်္ဂလာဓလေ့တို့အပြင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွှေချည်ထိုးလုပ်ငန်းများအကြောင်းကို သုတေသနပြုလုပ်ထားသည့် သုတေသနစာတမ်းကို ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနဲ့ ပတ်သက်တဲ့ စာတမ်းသုံးစောင်ကို ဖေဖော်ဝါရီ ၂၀ ရက်မှာ နေပြည်တော် အမျိုးသားစာကြည့်တိုက်မှာ ဖတ်ကြားသွားဖို့ရှိပါတယ်။ အဲဒါတွေကတော့ မြန်မာလူမျိုးတို့ရဲ့ အလှူအတန်းတွေ ပြုလုပ်တဲ့အခါ ရေစက်သွန်းချတဲ့ဓလေ့၊ နောက် ထိမ်းမြားမင်္ဂလာဓလေ့၊ နောက်တစ်ခုကတော့ မန္တလေးရဲ့ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်တဲ့ ရွှေချည်ထိုးအနုပညာတွေကို လေ့လာသုတေနသနပြုလုပ်ထားတဲ့ သုတေသနစာတမ်းတွေ ဖတ်ကြားသွားဖို့ရှိပါတယ်"ဟု ဦးအောင်အောင်ကျော်က ပြောပြ၍ သိရသည်။ ASH

# မန္တလေးမြို့မှ လူရွှင်တော်များဖြစ်သည့် ဦးချစ်စရာနှင့် ဦးထင်ပေါ်တို့၏ နေနိုင်ပေါင်အငြိမ့်ကို Sky Net DTH ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မန္တလေးမြို့မှ ဝါရင့်လူရွှင်တော်များဖြစ်သည့် ဦးချစ်စရာနှင့် ဦးထင်ပေါ်တို့၏ နေနိုင်ပေါင်အငြိမ့်အစီအစဉ်ကို Sky Net DTH ရုပ်သံလိုင်းမှထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း လူရွှင်တော်ဦးချစ်စရာက ပြောပြ၍ သိရသည်။

မြန်မာ့အငြိမ့်ကို ချစ်ခင်အားပေးကြသည့် ရုပ်မြင်သံကြားပရိသတ်များအတွက် SkyNet DTH ရုပ်သံလိုင်း၏ ဟာဒယအစီအစဉ်မှ ဦးချစ်စရာနှင့် ဦးထင်ပေါ်တို့၏ နေနိုင်ပေါင်အငြိမ့်အစီအစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်ကာ အပတ်စဉ် စနေနေ့ ညတိုင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့အငြိမ့်ခန်းကို ကြိုက်နှစ်သက်တဲ့ ပရိသတ်တွေနဲ့အငြိမ့်နဲ့အတူ တွဲဖက်ပါဝင်မြဖြစ်တဲ့ Sky Net DTH ရုပ်သံလိုင်းရဲ့ ဟာဒယရွှင်ဆေးခေါ် ပြက်လုံးများကို အားပါးတရ ခံစားရဖို့အတွက် ဟာဒယအစီအစဉ်မှာ နေနိုင်ပေါင် မန္တလေးအငြိမ့်အစီအစဉ်ကို စောင့်မျှော် အားပေးကြပါအုံး"ဟု လူရွှင်တော် ဦးချစ်စရာက ပြောပြသည်။




အဆိုပါ Sky Net DTH ရုပ်သံလိုင်းအနေဖြင့် မြန်မာသုခုမအနုပညာနှင့် မြန်မာ့ဇာတ်သဘင်၊ အငြိမ့်ခန်းနှင့် ရိုးရာဂီတကို ဖော်ထုတ်ပေးသည့်အနေဖြင့် သစ္စာ၊ မေတ္တာ၊ ရွှေမန်းသဘင်နှင့် ရွှေမန်းချမ်းသာ သဘင်တို့တွင် အောင်မြင်ခဲ့သည့် စင်တင်ပြဇာတ်များ၊ မြန်မာ့ဆိုင်းကို ချစ်မြတ်နိုးသူများအတွက် မြန်မာဆိုင်းပညာရှင်များ၏ မြန်မာ့ဆိုင်းလက်သံကို နားဆင်ကြည့်ရှုနိုင်ရန် ဆိုင်းတော်မင်္ဂလာအစီအစဉ်များကို ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။ ASH

# မီးခြစ်ဆံပုံပြင် ရုပ်သံဇာတ်လမ်းတွဲကို CANAL+ ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မီးခြစ်ဆံပုံပြင်အမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲကို CANAL+




ရုပ်သံလိုင်းမှ ယခုနှစ် မတ်လအတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာညဏ်တင်က ပြောပြ၍ သိရသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲအတွက် ဇာတ်လမ်း၊ ဇာတ်ညွှန်းကို Channel Plus Editor Teams ကရေးသားပေးထားကာ ဒါရိုက်တာညဏ်တင်က ရိုက်ကူးထားပြီး အပိုင်း (၁၅)ပိုင်း ပါဝင်မည်ဖြစ်သည်။

"CANAL+ ရဲ့ နောက်ထပ်ကိုယ်ပိုင်ဖန်တီးမှု တစ်ခုဖြစ်တဲ့ မီးခြစ်ဆံပုံပြင် (The Matches) ဆိုတဲ့ ဇာတ်လမ်းတွဲလေးကတော့ ပရိသတ်တွေရှေ့မှောက်ကို မကြာခင်မှာ ရောက်ရှိလို့လာပါတော့မယ်။ ကိုယ်ပိုင် ဖန်တီးမှုဖြစ်တဲ့အတွက် CANAL+ ရဲ့ သရုပ်ဆောင်အများစုနဲ့ ရိုက်ကူးထားတာဖြစ်ပါတယ်။ နေမင်းသစ်ဆိုတဲ့ ကောင်လေးတစ်ယောက် ပြောင်းရွှေ့လာခဲ့တဲ့ အိမ်ကလေးမှာ နားလည်ရခက်ခဲတဲ့ သဘာဝလွန်ဖြစ်ရပ်ဆန်းတွေ ရင်ဆိုင်ကြုံတွေ့ ကျော်လွှားပုံတွေကို ရှုစားရမှာပါ" ဟု ဒါရိုက်တာညဏ်တင်က ပြောပြသည်။

အဆိုပါရုပ်သံဇာတ် လမ်းတွဲတွင် CANAL+ သရုပ်ဆောင်များဖြစ်သည့် စည်သူရဲထွဋ်၊ ဘုန်းနေလင်းခိုင်၊ ဟိန်းသစ်စံ၊ မျိုးကိုကိုကျော်၊ ရဲနောင်ချိုတို့အပြင် သရုပ်ဆောင် မျိုးစန္ဒီကျော်နှင့် အခြား အနုပညာရှင်များစွာက ပါဝင် သရုပ်ဆောင်ပေးထားကြောင်း သိရသည်။ ASH

# Sakra သိုင်းရုပ်ရှင်ဇာတ်ကားကို မြောက်အမေရိကရုပ်ရှင်ဈေးကွက်၌ ပြသမည်

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

ကမ္ဘာကျော် တရုတ်မင်းသား ဒွန်နီယန်းပါဝင်သရုပ်ဆောင်ထားသော Sakra အမည်ရှိ သိုင်းရုပ်ရှင်ဇာတ်ကားကို မြောက်အမေရိကရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသမည်ဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

Sakra ဇာတ်ကားကို မြောက်အမေရိက ရုပ်ရှင်ဈေးကွက်၌ Well Go USA ဖျော်ဖြေရေးကုမ္ပဏီက တာဝန်ယူဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် တရုတ်နိုင်ငံ၏ နာမည်ကျော်သိုင်းလောကနောက်ခံ ဝတ္ထုရှည်ဖြစ်သည့် Demi-Gods and Semi-Devils အမည်ရှိဝတ္ထုကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

Sakra ဇာတ်ကားတွင် မင်းသားဒွန်နီယန်းသည် လူသတ်မှုတစ်ခုအတွက် မှားယွင်းစွပ်စွဲခံရမှုကို ဖြေရှင်းရန် ကြိုးစားရင်း မိမိ၏ဘဝဒဏ္ဍာရီကိုပါသိလာသော ရှောင်ဖင်းအမည်ရှိ သိုင်းပညာရှင်တစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

မင်းသားဒွန်နီယန်းသည် Sakra ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့်အပြင် ထုတ်လုပ်သူတာဝန်ကိုပါ ရယူခဲ့သည်။

လက်ရှိတွင် အဆိုပါဇာတ်ကားကို မြောက်အမေရိကရုပ်ရှင်ဈေးကွက်၌ ယခုနှစ် ဧပြီလတွင် ရုံတင်ပြသရန် Well Go USA က စီစဉ်ထားကြောင်း သိရသည်။ KKO




# Blade ဇာတ်ကားကို အတ္တလန္တာမြို့၌ ယခုနှစ် နွေရာသီအတွင်း ရိုက်ကူးရန်စီစဉ်ထား

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

Blade ဇာတ်ကားကို အတ္တလန္တာမြို့၌ ယခုနှစ် နွေရာသီအတွင်း စတင်ရိုက်ကူးရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ယန်းဒီမင်ဂျီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး မင်းသား မာဟာရှာလာအလီက အဓိကဇာတ်ကောင်အဖြစ် ပါဝင်မည်ဖြစ်သည်။


လက်ရှိတွင် Blade ဇာတ်ကားရိုက်ကူးရေးအတွက် ဒါရိုက်တာယန်းဒီမင်ဂျီသည် အတ္တလန္တာမြို့သို့ ရောက်ရှိနေပြီဖြစ်ပြီး နောက်သီတင်းပတ် အနည်းငယ်အတွင်း ရိုက်ကူးမှု စတင်မည်ဖြစ်သည်ဟု မာဗယ်စတူဒီယိုက အတည်ပြုထားကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် Blade ဇာတ်ကား ရိုက်ကူးရေးအစီအစဉ်ကို ၂၀၁၉ ခုနှစ်ကပင် ကြေညာထားသော်လည်း ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းအကြိုကာလ ပြဿနာအမျိုးမျိုးကြောင့် ရိုက်ကူးရေးလုပ်ငန်းများ ကြန့်ကြာခဲ့ရကြောင်း သိရသည်။

Blade ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မိုက်ကယ်စတားဘူရီက ရေးသားပေးထားကြောင်း သိရသည်။ KKO



# ပုသိမ်မြို့နယ်တွင် မိုးမြေပဲများပေါ်နေသည့်ကာလ မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေ



**ပုသိမ် ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် မိုးမြေပဲများပေါ်နေသည့်ကာလ မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပုသိမ်မြို့ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဦးကျော်ကျော်ထက်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ၂၀၂၂ ခုနှစ် ဩဂုတ်လ မိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးမြေပဲများပေါ်နေဆဲကာလဖြစ်ပြီး လက်ရှိ မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေပြီး ပြီးခဲ့သည့်နှစ်က မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိသာ ဈေးရရှိခဲ့ကြောင်း၊ အဆိုပါ မြေပဲဆန်များ ဈေးကောင်းရရှိနေခြင်းကြောင့် မြေပဲစိုက်တောင်သူများ၊ မြေပဲနုတ်လုပ်သားများနှင့် ကုန်သည်များ အဆင်ပြေလာကြောင်း သိရသည်။

"လက်ရှိ ပုသိမ်ပဲဈေးကွက်ထဲကို ဒေသမြေပဲဆန်တွေအပြင် အခြားဒေသက မြေပဲဆန်တွေပါဝင်ရောက်နေပါတယ်။ လက်ရှိအချိန်က ဧရာဝတီတိုင်းဒေသကြီးမှာ မိုးမြေပဲတွေပေါ်နေဆဲပါ။ ဒါပေမဲ့ လက်ကျန်တွေပါ။ မြေပဲကုန်ခါနီးလာတော့ ဈေးကလဲမြောက်လာတာပါ။ လာမဲ့ ဆောင်းမြေပဲအသစ်တွေ မပေါ်သေးတဲ့အချိန်ထိ မြေပဲဆန်ဈေးက ကောင်းနေဖို့သာရှိပါတယ်။ အခုနှစ်မြေပဲဆန်ဈေးက မြောက်နေတဲ့အခါကျတော့ တောင်သူတွေ အမိကအဆင်ပြေနေသလို လုပ်သားတွေနဲ့ ကုန်သည်တွေလဲ အဆင်ပြေလာပါတယ်။ ပုသိမ်ဘက်မှာက မိုးမြေပဲကို တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒေသတွင်းမှာ မြေပဲတွေများများစိုက်ပျိုးထုတ်လုပ်လာတော့ စားသုံးသူတွေလဲ စီးပွားရေးအဆင်ပြေ ကျန်းမာရေးနဲ့လဲညီညွတ်တဲ့ ဆီတွေကို စားသုံးရတာပေါ့"ဟု ပုသိမ်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးကျော်ကျော်ထက်က ပြောပြသည်။

ပုသိမ်မြို့နယ်တွင် လက်ရှိ မြေပဲဆုံဆီစစ်စစ် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသတွင် ဆီထွက်သီးနှံမြေပဲများကို များများစိုက်ပျိုးထုတ်လုပ်နိုင်ပါက ကျန်းမာရေးနှင့်ညီညွတ်သည့် ဆီများစားသုံးနိုင်မည့်အပြင် ပြည်ပမှတင်သွင်းရသည့် စားအုန်းဆီဈေးနှုန်းများလည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ အဆိုပါ အသေးစားဆီကြိတ်ခွဲသည့်လုပ်ငန်းများလည်း ပြန်လည်လည်ပတ်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း ပုသိမ်မြို့ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဦးကျော်ကျော်ထက်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် စိန်ပန်းပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ရေနံချောင်း ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အပူပိုင်းဇုန် ရေရရှိရေးစီမံကိန်း (JICA) ခွင့်ပြုရန်ပုံငွေဖြင့် စိန်ပန်းပင်ကျေးရွာအုပ်စု စိန်ပန်းပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့်ဝန်ထမ်းများက စိန်ပန်းပင်ကျေးရွာ၌ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ကျေးရွာရေရရှိရေး ကော်မတီဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရန်၊ သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်စေရန် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ရေနံချောင်းမြို့နယ် စိန်ပန်းပင်ကျေးရွာ၌ အပူပိုင်းဇုန်ရေရရှိရေးစီမံကိန်း(JICA) ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၄၈၈ သန်းဖြင့် အလျား ၁၂ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက စိန်ပန်းပင်ကျေးရွာရှိ အိမ်ခြေ ၂၃၅ အိမ်၊ လူ ၁၁၇၁ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေး ဖူလုံစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | သရက် | မုံရွာ | ပုသိမ် | မြစ်ကြီးနား |
|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၄၀ | ၂၂၂၀ | ၂၃၂၀ |
| 95 Ron | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၁၅ | ၂၂၉၅ | ၂၃၉၀ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၅ |
| HSD (50 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၀ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၅ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၀ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၅ |

| Fuel (လက်လီဈေးနှုန်း) | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၃၅ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၂၈၁၀ |
| 95 Ron | ၂၄၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၃၄၅ | ၂၃၄၅ | ၂၃၅၀ | ၂၅၇၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၃၉၀ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၃၀ | ၂၃၃၀ | ၂၅၆၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၄၇၀ | ၂၃၆၀ | ၂၃၇၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၄၀ | ၃၃၇၅ |
| HSD (10 ppm) | ၂၄၇၀ | ၂၃၆၀ | ၂၃၇၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၄၀ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၆ | ၂၁၅၁ |
| 95 Ron | ၂၁၄၇ | ၂၂၂၃ |
| HSD (500 ppm) | ၂၁၃၄ | ၂၂၀၆ |
| HSD (50 ppm) | ၂၂၀၇ | ၂၂၈၁ |
| HSD (10 ppm) | ၂၂၀၇ | ၂၂၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်

**Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။**



ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊
လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ e-Topup ဖုန်းဖြောခဖြည့်သွင်းခြင်း
နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ ဒီဂျစ်တယ်ရူပ္ပာဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း



မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** များပေးဆောင်ရာတွင်
**MMM Service** အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ
မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။


နေပြည်တော် - ၀၉ ၆၈၂၈၈၁၈၈၃၊ ၀၉ ၃၁၀၀၁၅၃၄
ရန်ကုန် - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - ၀၉ ၃၁၀၀၁၅၃၆၊ ၀၉ ၆၆၉၁၃၄၁၉၇

# ထာဝရလှပသော အပြုံးအတွက်

**Fluoride** ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040



# DENTOMEC



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

## အိတ်ပိတ်တင်ဒါ (Close Tenders) ခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက် လလ/၆၃ (၂၃+၂၄)၊ လလ/၆၁(၁+၂)၁၄၃လမ်း၊ ၅၂လမ်း × ၅၃လမ်းကြားရှိ Grand Royal Group International Co.,Ltd တွင် အောက်ဖော်ပြပါ ပလတ်စတစ်များ၊ စက္ကူအပျက်များ၊ Closure ပုလင်းဖုံး(ဒန်ဖုံး/ကော်ဖုံးပျက်များ)၊ Flavour ပုံးခွံများ၊ ပုလင်းကွဲ (အဖြူရောင်)၊ ကော်ခြင်းပျက်များ၊ ပုလင်းပိုင်အောက်ခံ ကြိတ်ပြား၊ EmptyDrum (ကော်ပုံးများ)၊ သံတိုသံစများ စသည့်ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ် (လပြတ်)ဖြင့် လစဉ်လတိုင်း ရောင်းချမည်ဖြစ်ပါ၍ တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာဖော်ပြရန်။

ကုမ္ပဏီ/စက်ရုံမှ တင်ဒါခေါ်ယူမည့်ရက်အား (၃)ရက်ကြိုတင်အကြောင်းကြားပါမည်။

✱ တင်ဒါလျှောက်လွှာအား စက်ရုံတွင် အခမဲ့ ထုတ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၉-၄၀၂၆၁၀၈၂၈၊ ၀၂-၅၁၅၂၄၄၁

## အမည်မှန်

ပြင်ဦးလွင်မြို့၊ အ. ထ. က(၄)၊ Grade-10 (B) မှ ကျောင်းဝင်အမှတ် (ခ-၈၂၂၅) မောင်နေဖုန်းရှိန် ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်နေဘုန်းရှိန် ဖြစ်ပါကြောင်း။

**မောင်နေဘုန်းရှိန်**

**မီး**

**သတိပြု**

## မြဝတီမြို့တွင် အလုပ်လုပ်ရန် ကုန်တင်ကုန်ချ

- **အမျိုးသား (၃) ဦး အလိုရှိပါသည်**
- နေစားငြိမ်းပေးမည်
- အခြေခံလစာ 180000
- မှတ်ပုံတင်ရှိသူဖြစ်ရမည်။

ဆက်သွယ်ရန်ဖုန်း၊ 09-255410850

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကို ပြန်လည်ရုပ်သိမ်းခြင်း

ရတနာပုံသတင်းစာတွင် (၂၅-၂-၂၀၁၉)ရက်နေ့ ၌ပါရှိသော မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ယ ၁/၉၄)၊ မြို့သစ်(၄)ရပ်ကွက်နေ ဒေါ်သန်းညွန့် (၉/မနမ(နိုင်)၀၆၇၇၁၄) ၏သား ဦးတင်တိုး အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

**(မိခင်)**
**ဒေါ်သန်းညွန့်**

## Han River စားသောက်ဆိုင်တွင် တာဝန်ထမ်းဆောင်ရန်

| | | | |
|---|---|---|---|
| ၁။ | Chicken Helper | ကျား | (၁)ဦး |
| ၂။ | ပန်းကန်ဆေး | ကျား၊မ | (၂)ဦး |
| ၃။ | ဝန်ထမ်းထမင်း/ဟင်းချက် | ကျား၊မ | (၁)ဦး |

အမှတ်စဉ်အားလုံးအတွက် နယ်မှလူများဦးစားပေးပြီး နေစားအငြိမ်းစီစဉ်ပေးသည်။ အိမ်ထောင်မရှိသူ လူလွတ်ဖြစ်ရမည်။ ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ လမ်း၃၀နှင့် ၆၄လမ်းထောင့်။ 09-777961955

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**
- **မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

**ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဟာ ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ အောင်မြင်မှုရရှိမှာပဲဖြစ်ပါတယ်။ ပြည်တွင်းပြည်ပက မြန်မာ့ငြိမ်းချမ်းရေးအကျိုးကို မလိုလားသူတွေရှိနေသရွေ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေဟာ ထင်သလောက် ခရီးမပေါက်ကြောင်းနဲ့ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း ဝေဖန်အပုပ်ချနေမှုတွေအပေါ်မှာ နားယောင်ဖို့မလိုကြောင်း ကျွန်တော်တို့ညီအစ်ကိုတွေသတိပြုမိဖို့လိုအပ်မှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ခြင်းလုံးအားကစားနည်းအတွက် အပြီးသတ်လူရွေးချယ်ပွဲပြုလုပ်



အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ခြင်းလုံးအားကစားနည်းအတွက် အပြီးသတ်လူရွေးချယ်ပွဲ ပြုလုပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာခြင်းလုံးအားကစားနည်းအတွက် အပြီးသတ်ကစားသမားရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါမြန်မာခြင်းလုံးအားကစားနည်းအတွက် အပြီးသတ်ကစားသမားရွေးချယ်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး အာရှခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး

**စာမျက်နှာ ၂၁ ကော်လံ ၄** ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ငြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF အမည်ခံ အကြမ်းဖက်သမားများ အကြောင်းမဲ့ ရက်စက်စွာမိုင်းခွဲတိုက်ခိုက်ခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို သွားရောက်ကြည့်ရှုအားပေး၊ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်

စာမျက်နှာ - ၂၀

## ကြာအင်းဆိပ်ကြီးမြို့နယ် သံပုကျေးရွာအနီး ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်းရှိ ဒါလီချောင်းကူးတံတားကို အကြမ်းဖက်မှုကိုလိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

စာမျက်နှာ - ၂၂